ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ အင်္ဂါနေ့၊ (16-8-2005) (၄၆၈၉)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပေါက်မြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖ များနှင့် တွေ့ဆုံပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်၏ဒေသအသီးသီး အကြားအလပ်မရှိ မျှမျှတတဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများဖြင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများ အကောင်အထည်ဖော်ပေးနေ မြို့ရေပေးရေး၊ ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရေး လက်တွဲညီညီကြိုးပမ်း

ရန်ကုန် ဩဂုတ် ၁၅

မကွေးတိုင်း ပခုက္ကူမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၁၃ရက် နံနက် ၇ နာရီခွဲတွင် ပခုက္ကူမြို့ မြကန်သာပန်းခြံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❒

ပခုက္ကူတက္ကသိုလ်

ပခုက္ကူတက္ကသိုလ် ပင်မဆောင် တည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၆-၈-၂၀၀၅
(အင်္ဂါနေ့)

နိုင်ငံတော်၏ ဖြည့်ဆည်းပေးမှုများနှင့်အညီ ဒေသအကျိုး၊ ဌာနအကျိုး သယ်ပိုးဆောင်ရွက်

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊တိုင်းရင်းသားအားလုံး လူနေမှုအဆင့် မြင့်မားလာရေးတို့အတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးရင်း လိုအပ်ချက်များကို ကဏ္ဍအလိုက် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ညီညီညွတ်ညွတ် တက်တက်ကြွကြွဖြင့် ဝိုင်းဝန်းကြိုးပမ်း လုပ်ကိုင်လျက်ရှိရာ အောင်မြင်မှုရလဒ်ကောင်းများ ဖြစ်ထွန်းရရှိနေပြီ ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ်လ ၁၂ ရက်နေ့က မကွေးတိုင်း ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် မြိုင်မြို့နယ်တို့သို့သွားရောက်၍ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ၊ကုန်ထုတ်လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ခရီးစဉ်အတွင်း မြိုင်မြို့နယ်သို့ရောက်ရှိစဉ် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ၌ **နိုင်ငံတော်အစိုးရက စေတနာထား အကောင်အထည်ဖော်ပေးမှုများနှင့် လိုက်လျောညီစွာ အဆင့်ဆင့်သော တာဝန်ခံများ၊ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များသည် မိမိတို့၏လုပ်ငန်းများကို အဆင့်အတန်းရှိရှိ၊ ဂုဏ်သိက္ခာရှိရှိ ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ စိတ်ရှည်လက်ရှည် အပင်ပန်းခံ၍ ဒေသအကျိုး၊ ဌာနအကျိုး သယ်ပိုးသွားကြရန်ဖြစ်ကြောင်း** မှာကြားသွားသည်။

မကွေးတိုင်းသည် စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်း များစွာရှိသော ဒေသဖြစ်ရာ သီးနှံများအောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဖော်ဆောင်ပေးလျက်ရှိသည်။ ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများကို နေရာဒေသအလိုက် လိုအပ်ချက်များနှင့်အညီ တည်ဆောက်ဖြည့်ဆည်းပေးနေသည်ကို တွေ့ရသည်။

ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ပေါက်မြို့နယ်တို့အတွင်း မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိရာ ဆောင်ရွက်ပြီးစီးနေသော မြစ်ရေတင်စီမံကိန်းများမှ ဧကနှစ်သောင်းခန့်ကို စိုက်ပျိုးရေပေးဝေ သွားမည်ဖြစ်သည်။ ပခုက္ကူမြို့နယ်တွင် တည်ဆောက်နေသော ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ပြီးစီးပါက စိုက်ပျိုးမြေ ဧက ၅၀၀၀ ကို စိုက်ပျိုးရေပေးဝေသွားနိုင်မည် ဖြစ်သည်။

ရေစကြိုမြို့နယ်ရှိ မင်းရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ချင်းတွင်း မြစ်မှရေတင်၍ စိုက်ပျိုးမြေဧက ၃၀၀၀ ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။

ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဆည်ငယ်၊ ကန်ငယ် ၇၁ ခုကိုလည်း ဆည်မြောင်း ဦးစီးဌာနနှင့် ဒေသဆိုင်ရာတို့က တာဝန်ခွဲဝေ တည်ဆောက်လျက်ရှိရာ အချို့မှာ ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

နိုင်ငံတော်က မကွေးတိုင်းအတွင်း ရေလှောင်တမံ စီမံကိန်း အကြီးစားများကို ငွေကြေးအမြောက်အမြားကျခံ၍ တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ရေရှားပါးသည့်မြို့နယ်များ၌ ရေရရှိရေး အသေးစား စီမံကိန်းများကို ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူများက ပူးပေါင်းတည်ဆောက် လုပ်ကိုင်နေကြသည်။

သို့ဖြစ်ရာ ဒေသအလိုက် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က မွန်မြတ်သောရည်ရွယ်ချက်များဖြင့် စေတနာထားအားပေးကူညီ တည်ဆောက်ဖြည့်ဆည်းပေးမှုများနှင့်အညီ အဆင့်ဆင့်သောတာဝန်ခံများ၊ ဝန်ထမ်းများနှင့် ရပ်ကွက်၊ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအနေဖြင့် ဒေသအကျိုး၊ ဌာနအကျိုး တက်ညီလက်ညီ ဝိုင်းဝန်းသယ်ပိုး ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးတိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉) ရပ်ကွက် ရေကူး(၂)လမ်းရှိ အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တို့ တက်ရောက်ကြည်ညိုပူဇော်ပြီး ဝါဆိုသင်္ကန်းနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒ စရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်သာသနာပိုင် အဘိဓဇမဟာရဋ္ဌ ဂုရု သီရိမင်္ဂလာစံကျောင်းဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော် အရှင်သူမြတ်များ ကြွရောက်တော်မူ ကြပြီး သာသနာရေး ဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကျော်တင့်၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက် ကြည်ညိုပူဇော်ကြသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက် စုပေါင်းဝါဆို သင်္ကန်းဆက်ကပ်ပွဲ အလှူတော် မင်္ဂလာ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(ရန်ကုန်တိုင်း)

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒ စရိယ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်သာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု သီရိမင်္ဂလာစံကျောင်းဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံမှ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဆရာတော် အရှင်သူမြတ်တို့အား တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ(Ph.D) ထံမှ အနုမောဒနာတရားကို နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သဲဖြူတောရဓမ္မရိပ်သာ တရားစခန်းကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရ ဓမ္မရိပ်သာတွင် ဩဂုတ် ၁၉ရက်မှ ၂၉ရက်အထိ တရားစခန်း ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဖုန်း-၆၆၂၈၃၆၊ ၆၆၆၁၆၃၊ ၆၆၇၇၁၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်၍ စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ ဩဂုတ် ၁၉ရက် မွန်းလွဲ ၁နာရီခွဲတွင် အရောက်လာကြရန် နှိုးဆော်ထားသည်။

(က-ပ)

ကျောင်းကျန်းမာရေးသီတင်းပတ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းကျန်းမာရေးအဖွဲ့က ကြီးမှူး၍ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ဖွင့်ပွဲခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ မိခင်ကလေးနှင့် ကျောင်းကျန်းမာရေးအရာရှိ ဒေါက်တာခင်စောရီတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပြခန်းဖွင့်ပွဲ အခမ်းအနားကို ကျောင်းကျန်းမာရေးပြခန်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ မိခင်ကလေးနှင့် ကျောင်းကျန်းမာရေးအရာရှိ ဒေါက်တာခင်စောရီက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု ပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး **(အောက်ဝဲပုံ)** အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ဆရာ၊ဆရာမများ၊ကျောင်းသား ကျောင်းသူများက ပြခန်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် ကျောင်းသား၊ ကျောင်းသူများအား သွေးအုပ်စု စစ်ဆေးခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာခြင်း၊ ကျန်းမာရေးပြခန်းများ ဖွင့်လှစ်ပြသခြင်း၊ အာဟာရ ကျွေးမွေးပွဲများကိုပြုလုပ်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြိုင်ပွဲများ ကျင်းပခြင်း၊ ကျန်းမာရေးပညာပေး ဟောပြောပွဲများ ကျင်းပခြင်း၊ ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ဩဂုတ် ၂၀ရက်အထိ ဆောင်ရွက်ကြမည့်အပြင် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့လည်း ကျောင်းသား၊ ကျောင်းသူများ သွားရောက်လေ့လာကြမည်ဖြစ်သည်။

(ကြေးမုံ)



စက်မှု (၁) ဝန်ကြီး ဦးအောင်သောင်းအား တရုတ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. (CAMCE) ဥက္ကဋ္ဌ Ms. Luo Yan နှင့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၃နာရီခွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သိန်းထွန်းနှင့်ဦးစီးဌာန လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရာဝတီတိုင်းအတွင်း လမ်းတံတားလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၄ရက်တွင် ရန်ကုန်–ပုသိမ်လမ်း၊ ပန်းတနော်–အိမ်မဲလမ်း၊ လပွတ္တာ–မြောင်းမြ–အိမ်မဲလမ်းတို့မှတစ်ဆင့် မြောင်းမြမြို့သို့ မော်တော်ယာဉ်များဖြင့်ထွက်ခွာပြီး လမ်းတစ်လျှောက် မိုးတွင်းကာလလမ်းများ ပြင်ဆင်ထိန်းသိမ်းမှုများကို ကြည့်ရှုစစ်ဆေး၍ ညနေပိုင်းတွင် မြောင်းမြမြို့သို့ ရောက်ရှိသည်။

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–ပုသိမ်လမ်းအပိုင်း မိုင်တိုင် ၁၇မိုင် ၃ဖာလုံ၊ ၂၆မိုင် ၆ဖာလုံ၊ ၃၉မိုင် ၅ဖာလုံနှင့် ၅၁မိုင် ၄ဖာလုံတို့တွင် ကတ္တရာ ကွန်ကရစ်ဖြင့် လမ်းပေါက်များ ပြုပြင်ဆောင်ရွက်နေမှုများကို စစ်ဆေးပြီး ဝန်ကြီးက လမ်းအပိုင်းအလိုက် အနီးကပ်စောင့်ကြည့်၍ လမ်းပျက်စီးနိုင်မည့် အခြေအနေတွေ့ရှိရသည်နှင့် ချက်ချင်း စနစ်တကျပြုပြင်ရန် လိုအပ်သည့်နေရာများတွင် အပိုင်းလိုက် ထပ်ပိုးလွှာတင်သကဲ့သို့ ခင်းကြိတ်ရန်တို့ကို တာဝန်ရှိသူများအားမှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် မြောင်းမြမြို့မှ ပုသိမ်–မြောင်းမြလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းအခြေအနေများကို စစ်ဆေး၍ထွက်ခွာခဲ့ရာ ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။ ရှင်းလင်းဆောင်၌ ဝန်ကြီးအား တံတားစီမံကိန်း တာဝန်ခံအင်ဂျင်နီယာမှူး ဒေါ်စီသန်းက တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဦးစားပေး

ဝန်ကြီးက တစ်ပြိုင်တည်း ဆောင်ရွက်နိုင်သည့်အပိုင်းများကို ကြိုတင်စီမံဆောင်ရွက်သွားရန်၊ ဦးစားပေးအဆင့်အလိုက် သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြဘက်ကမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ပုသိမ်ဘက်ကမ်း လုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်)သည် သံမဏိ သံပေါင်ကြိုးတံတား အမျိုးအစားဖြစ်ပြီး ပင်မကြိုးတံတား အရှည်ပေ၅၄၀နှင့် ချဉ်းကပ်တံတား မြောင်းမြဘက်ကမ်းပေ၃၆၀၊ ပုသိမ်ဘက်ကမ်း ပေ ၃၆၀ စုစုပေါင်းပေ ၁၂၆၀ ရှိပြီး ယခုအခါ မြောင်းမြဘက်ကမ်းရှိ ချဉ်းကပ်တံတားလုပ်ငန်းများတွင် သံကူကွန်ကရစ်ရက်မများပေါ်၌ ကြိုတင် သွန်းလောင်းခင်းပြားများတင်ပြီးဖြစ်သည်။ ကြိုးထမ်းတိုင်တို့မှာ မြောင်းမြဘက်နှင့် ပုသိမ်ဘက်နှစ်ခုစလုံး သံမဏိတာဝါတိုင် တပ်ဆင်ပြီးဖြစ်ကာ ပုသိမ်ဘက် ချဉ်းကပ်တံတားလုပ်ငန်းတွင် ဘိုးပိုင်လုပ်ငန်းများ အားလုံးပြီးစီးလျက် သံကူကွန်ကရစ်ရက်မတင်ရန် ခြောက်ခန်းအနက် နှစ်ခန်းတပ်ဆင်ပြီးဖြစ်၍ ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရာဝတီတိုင်းအတွင်းရှိ ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်) တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

ရေအားလျှပ်စစ်စီမံကိန်းများကို သတ်မှတ်ကာလထက် စော၍ပြီးစီးအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် တာဝန်ရှိသူများလိုက်ပါ၍ ရဲရွာရေအား လျှပ်စစ်စီမံကိန်းသို့ ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပသည့် ရေအားလျှပ်စစ်စီမံကိန်းများ၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးမှာကြား

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ တိုင်းပြည်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အရ စီမံကိန်းများကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်း၍ အကောင် အထည်ဖော်ဆောင်ရွက်ရေး၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ရေး၊ ငွေကြေးသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ စိစစ်သုံးစွဲရေး၊ လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရာတွင် ဈေးပြိုင်စနစ်ဖြင့် အရည်အသွေးကို ကြပ်မတ်စစ်ဆေးဝယ်ယူရေး၊ စီမံကိန်းရှိ ယာဉ်နှင့် ယန္တရားများကို စနစ်တကျကိုင်တွယ်မောင်းနှင်ထိန်းသိမ်းရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အစည်းအဝေး တက်ရောက်လာကြသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကွန်ကရစ်တမံ တည်ဆောက်ရေးအတွက် ကွန်ကရစ်ဖျော်စပ်မှု စမ်းသပ်ဆောင်ရွက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေတားနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံ တူးဖော်ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် လုပ်ငန်းဆောင်ရွက်နေသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေလွှဲဥမင်မှ ရေလွှဲသည့် အခြေအနေ၊ ချဉ်းကပ်ဥမင်လိုဏ် တူးဖော်ခြင်းလုပ်ငန်းနှင့် စီမံကိန်း လုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယနေ့ညနေ ၃နာရီတွင် အမှတ် (၃၄) တော်ဝင်လမ်း ဒဂုံမြို့နယ်ရှိ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးသို့သွားရောက်၍ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon. Lakshman Kadirgamar ကွယ်လွန်ခြင်းအတွက် ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

(ယာပုံ) (သတင်းစဉ်)

တာမွေမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄–၂၀၀၅ ပညာသင်နှစ်မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုပေးပွဲကိုအုန်းတောခန်းမ၌ ဩဂုတ် ၁၃ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသူ မောင်နန္ဒလင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စမ်းမြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီ အထိ MICT Parkလှိုင်မြို့နယ်ရှိ ပင်မဆောင် အခန်းအမှတ် (၂၀၁)၌ ကျင်းပသည်။

တက်ရောက်ဆွေးနွေး

ထိုအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e- National Task Force) ၏ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ – အဖွဲ့ဝင်၊ သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းရေးဆောင်ရွက်ရေး အေဂျင်စီ (Korea International Cooperation Agency, KOICA) မှ ဌာနေကိုယ်စားလှယ်၊ Korea Information Strategy Development Institute, KISDI မှ ကိုရီးယား ကျွမ်းကျင်ပညာရှင်များနှင့် မြန်မာ ပြည်တွင်းကျွမ်းကျင်ပညာရှင်တို့ တက်ရောက်ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၆ရက်တွင် ဒုတိယနေ့အဖြစ်ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ် (၂) ရပ်ကွက် ၅၆ လမ်းနေ ဒေါ်တင်မြမိသားစုက ဦးသိန်းလှိုင်အား ရည်စူး၍ အလှူတော် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

တရုတ်နှင့်အိန္ဒိယ ကုန်သွယ်မှုတန်ဖိုး စံချိန်တင်မြင့်တက်လာ ယခုနှစ်၏ပထမနှစ်ဝက်တွင် ဒေါ်လာ ၉ ဘီလီယံကျော်ရှိ

ပေကျင်း ဩဂုတ် ၁၄

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ကုန်သွယ်မှုတန်ဖိုးသည် ၂၀၀၅ ခုနှစ် ပထမနှစ်ဝက်ကာလတွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၉၃ ဘီလီယံအထိ စံချိန်တင်ရောက်ရှိလာကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၁၀ ပြည့်နှစ်အမီ အမေရိကန်ဒေါ်လာ ၄၆၂ ဘီလီယံအထိ ရောက်ရှိလာမည်ဟု ခန့်မှန်းကြောင်း အိန္ဒိယပြည်ပပို့ကုန်တင်ပို့ရေးအဖွဲ့ချုပ်က သောကြာနေ့တွင် ပြောကြားသည်။

တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ လက်ရှိကုန်သွယ်ရေး တိုးတက်မှုနှုန်း ၈၀ ရာခိုင်နှုန်းကို ထိန်းသိမ်းနိုင်မည်ဆိုပါက နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် ၂၀၁၀ ပြည့်နှစ်အမီ အမေရိကန်ဒေါ်လာ ၄၆၂ ဘီလီယံအထိ ရောက်ရှိလာမည်ဟု မျှော်လင့်ကြောင်း အိန္ဒိယပြည်ပပို့ကုန်တင်ပို့ရေးအဖွဲ့ချုပ် မြောက်ပိုင်းဒေသဥက္ကဋ္ဌ အန်ကေဒါဝန်က မြို့တော်ပေကျင်းတွင် ပြောကြားသည်။ ဒါဝန် ဦးဆောင်သော စီးပွားရေးလုပ်ငန်း ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံသို့ ရောက်ရှိနေသည်။

တရုတ်နှင့်အိန္ဒိယတို့၏ အပြန်အလှန် ကုန်သွယ်မှုသည် ၁၉၉၁ ခုနှစ်နောက်ပိုင်း စံချိန်တင် မြင့်မားတိုးတက်လာကြောင်း ဒါဝန်က ပြောကြားသည်။

လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုသည် လျင်မြန်စွာ တိုးတက်လာကြောင်း၊ ၂၀၀၁ ခုနှစ်တွင် အပြန်အလှန်ကုန်သွယ်မှု တိုးတက်မှုနှုန်း ၂၃ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၄ခုနှစ်တွင် ၇၉ရာခိုင်နှုန်းအထိ မြင့်မားလာကြောင်း ၎င်းက ပြောကြားသည်။ လွန်ခဲ့သည့်နှစ်က နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာမူ အမေရိကန်ဒေါ်လာ ၁၃ဒသမ၆ ဘီလီယံအထိ ရှိခဲ့သည်ဆို၏။

တရုတ်နှင့်အိန္ဒိယတို့၏ အပြန်အလှန် ကုန်သွယ်မှုပမာဏသည် ယခုနှစ် ပထမနှစ်ဝက်တွင် ၄၀ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ပြီး အိန္ဒိယစီးပွားရေး လုပ်ငန်းရှင်များသည် တရုတ်နိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် အခွင့်အလမ်းသစ်များ ရရှိလာကြောင်း၊ တရုတ်နိုင်ငံသည် ယခုအခါ ကမ္ဘာပေါ်တွင် တတိယမြောက် ကုန်သွယ်မှုအများဆုံးပြုလုပ်သည့် နိုင်ငံဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

တရုတ်နိုင်ငံ ရှန်ကျင့်မြို့ရှိ အီလက်ထရွန်းနစ်ပစ္စည်းများ ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုတွင် လုပ်ငန်းခွင်ဝင်နေကြသည်ကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရ ပစ်ခတ်မှုများကြောင့် အီရတ်အရပ်သားများ သေဆုံး

ရာမာဒီ (အီရတ်) ဩဂုတ် ၁၄

ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရပြီးနောက် သေနတ်ပစ်သံများ တရစပ်ထွက်ပေါ်လာကာ အီရတ် ၁၅ဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိသွားသည်ဟူသောသတင်းမှာ ဒေသခံများအတွင်း စနေနေ့က ပျံ့လွင့်လျက်ရှိသည်။

အခင်းဖြစ်ပွားနေရာမှာ ဘဂ္ဂဒက်အနောက်ဘက် ရာမာဒီမြို့ပြင်ရှိ နာဆပ်ဖ်အရပ်တွင်ဖြစ်သည်။ သောကြာနေ့ လူအများစည်းကား နေချိန်နှင့် အမေရိကန် ကင်းလှည့် သံချပ်ကာယာဉ်တန်းရောက်အလာ ပေါက်ကွဲမှုဖြစ်ပွားချိန်တို့ တိုက်ဆိုင်လျက်ရှိသည်။

ပေါက်ကွဲမှု ဖြစ်ပွားပြီးလျှင်ပြီးချင်း ကန်တပ်ဖွဲ့များသည် လူကြားထဲ တရစပ် ပစ်ခတ်ခဲ့ကြကြောင်း ဒေသခံများက ပြောကြားကြသည်။

ပါဝင်

ရာမာဒီ အထွေထွေရောဂါကုဆေးရုံသို့ အလောင်း ၁၅ လောင်းနှင့်ဒဏ်ရာရထားသူ ၁၇ဦးတို့ ရောက်ရှိလာကြောင်း ဆေးရုံမှ ညွှန်ကြားရေးမှူး မူနမ်အဖ်တန်ကပြောကြားသည်။ သေဆုံးသူများထဲတွင် ကလေးရှစ်ဦးလည်း ပါဝင်သည်။

ကန်တပ်ဖွဲ့အနေဖြင့် မဆင်မခြင် အရမ်းကာရော ပစ်ခတ်သည်ဆိုသော ကိစ္စမှာမဟုတ်ကြောင်း၊ ထိုအဖြစ်နှင့် ဆင်ဆင်တူသည့် ကိစ္စများရှိသည်ဟူ၍ပင် မသိရကြောင်း ကန်မရိန်းတပ်ဖွဲ့မှ ဗိုလ်ကြီးဂျက်ဖရီပူးလ်က အီး-မေးလ်မှ မေးမြန်းသည်ကို ပြန်လည်ဖြေကြားခဲ့သည်။

သို့ရာတွင် သောကြာနေ့က တိုက်ခိုက်မှုဖြစ်ပွားခြင်း ရှိ၊ မရှိကိုလည်းကောင်း၊ ကန်တပ်ဖွဲ့တွင် ထိခိုက်သေဆုံးမှု ရှိ၊ မရှိကိုသော်လည်းကောင်း ပူးလ်က ဖြေကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

ကန်တပ်ဖွဲ့များသည် တိုက်ခိုက်မှုခံရသောအခါများတွင် လက်လွတ်စပယ်မဆင်မခြင်ပစ်ခတ်မှုများ ပြုလုပ်လေ့ရှိကြောင်း အီရတ်ပြည်သူများက မကြာခဏ ပြောကြားလေ့ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်ကျွန်းများတွင် မုန်တိုင်းကျရောက်နိုင် မိုးလေဝသဌာန သတိပေးချက်ထုတ်ပြန်

မနီလာ ဩဂုတ် ၁၄

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းအစွန်ဆုံးကျွန်းများနှင့် ဘာတန်ပြည်နယ်တွင် တိုင်ဖုန်းမုန်တိုင်း အမြင့်ဆုံးအဆင့်ကျရောက်ဖွယ်ရှိကြောင်း၊ ထိုမုန်တိုင်းသည် ဟန်နင်းတိုင်ဖုန်းမုန်တိုင်းအဖြစ် တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းသို့ ဦးတည် တိုက်ခတ်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင် အာဏာပိုင်အဖွဲ့များက စနေနေ့တွင် သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းလောင်မြို့ အနောက်မြောက်ဘက်နှင့် မြောက်ဘက် ကီလိုမီတာ ၄၁၀ အကွာရှိဒေသကို ဗဟိုပြု၍ လေတိုက်ခတ်နှုန်းသည် တစ်နာရီလျှင် ၉၅ ကီလိုမီတာဖြင့် စနေနေ့ ဒေသစံတော်ချိန် နံနက် ၄ နာရီတွင် တိုက်ခတ်ခဲ့သည်။

တိုင်ဖုန်းသည် တစ်နာရီလျှင် ၁၉ ကီလိုမီတာနှုန်းဖြင့် အနောက်မြောက်ဘက်သို့ ရွေ့လျားသွားခဲ့ပြီး ဟောင်ကောင်အရှေ့မြောက်ဘက် ကီလိုမီတာ ၂၄၀ အကွာရှိ ဒေသသို့ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် ကျရောက်မည်ဟု မျှော်မှန်းထားသည်။

လူဇုန်ကျွန်းနှင့် ဗီဆာရက်စ်ကျွန်း အနောက်ပိုင်းတွင် ဟန်နင်းမုန်တိုင်းနှင့် အနောက်တောင်မုတ်သုံလေ ကျရောက်မှုကြောင့် မိုးများစွာ ရွာသွန်းမည်ဟု မိုးလေဝသဌာနက ပြောကြားသည်။

လူဇုန်ကျွန်းနှင့် ဗီဆာရက်စ်ကျွန်း အနောက်ပင်လယ်ပြင်တွင် အနောက်တောင်မုတ်သုံလေနှင့်အတူ လေပြင်းတိုက်ခတ်မည်ဖြစ်သည်။

ထိုကျွန်းများ၏ အနောက်ဘက်ဒေသ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးများ ကျရောက်နိုင်သည့်အတွက် ငါးဖမ်းလှေများနှင့်အခြားလှေငယ်များ မထွက်ကြရန် ပါဂါဆာ မိုးလေဝသဌာနက သတိပေးကြေညာထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်တွင် ရဲလှည့်ကင်း ဗုံးခွဲခံရ လေးဦးဒဏ်ရာရပြီး ကားအချို့ပျက်စီး

ဘဂ္ဂဒက် ဩဂုတ် ၁၄

ဘဂ္ဂဒက်တောင်ဘက်ရှိ ဒူရာအရပ်တွင် ဩဂုတ် ၁၂ ရက်က ရဲတပ်ဖွဲ့လှည့်ကင်းကို ကားဗုံးတစ်လုံးဖောက်ခွဲကာ တိုက်ခိုက်ခဲ့သည့်အတွက် လေးဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှလာသောသတင်းများအရ သိရသည်။

ဒဏ်ရာရ

ဗုံးများပါသော ကားတစ်စီးကို ဒူရာအရပ်ရှိ လမ်းဘေးတစ်နေရာတွင် ရပ်ထားပြီး ရဲတပ်ဖွဲ့လှည့်ကင်း အနီးသို့ရောက်လာချိန်တွင် ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကြောင့် လူလေးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိ အာမက်အဗ္ဗဒူလာက ပြောကြားသည်။

ဖော်ပြပါတိုက်ခိုက်မှုကြောင့် အခင်း ဖြစ်ပွားရာနေရာအနီးရှိ နေအိမ်များနှင့် မော်တော်ယာဉ်အချို့ ပျက်စီးသွားကြောင်း သတင်းများကဖော်ပြသည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးလျှင်ပြီးချင်း ရဲတို့က ထိုနေရာကို ပိတ်ထားခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲ တစ်ဦးသေပြီး ခုနစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၁၄

အီရတ်နိုင်ငံ၏ ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းတွင် အမေရိကန်စစ်ယာဉ်တန်းကို ရည်ရွယ်တိုက်ခိုက်သော ကားဗုံးခွဲမှုတစ်ခု ဩဂုတ် ၁၃ ရက်က ဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးသွားပြီး အခြားခုနစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့သတင်းများက ဆိုသည်။

ဘဂ္ဂဒက်မြို့ ဒူရာဒေသရှိ လမ်းတစ်လမ်းပေါ်သို့ ကန်စစ်ယာဉ်တန်းရောက်အလာ နံနက် ၁၀ နာရီတွင် ကားဗုံး ပေါက်ကွဲသွားသည့်အတွက် တစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်မှ အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။

အခင်းဖြစ်ပွားရာ နေရာအနီးတွင် နောက်ထပ်လက်လုပ်ဗုံးသုံးလုံးကိုလည်း တွေ့ရှိခဲ့ရသေးသည်ဟု အဆိုပါသတင်းရပ်ကွက်မှပင် သိရသည်။

ဗုံးပေါက်ကွဲပြီးလျှင်ပြီးချင်း အဆိုပါနေရာကို ကန်စစ်ဘက်က အသွားအလာ ပိတ်ဆို့ထားလိုက်သောကြောင့် ကန်တပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံးခြင်း ရှိ၊ မရှိ မသိရဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါးဒေသတွင် လမ်းဘေးဗုံး ထိမှန်ပေါက်ကွဲမှုကြောင့် မီးလောင်နေသော အမေရိကန် သံချပ်ကာယာဉ်တစ်စီးကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွား

ဒါကာ ဩဂုတ် ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်လုပ်ဗုံးများ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၅၀ ခန့် ဒဏ်ရာ ရရှိကြောင်း၊ ဒဏ်ရာရရှိသူအချို့မှာ စိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

မြို့တော်ဒါကာအရှေ့ဘက် မိုင် ၈၀ အကွာ အက်ခါယူရာမြို့တွင် သောကြာနေ့ နှောင်းပိုင်းက ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့်နှစ်အစောပိုင်းမှစ၍ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့မှုကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အင်ဒိုနီးရှားတွင် မြေလျှောင်လှုပ်

ဂျကာတာ ဩဂုတ် ၁၄

အင်ဒိုနီးရှားနိုင်ငံ ဆမ်ဘာဝါကျွန်းတွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ မြေလျှင်တစ်ခု စနေနေ့တွင် လှုပ်သွားခဲ့ကြောင်း၊ လျှင်လှုပ်မှုကြောင့် ပျက်စီးမှုနှင့်ဒဏ်ရာရရှိမှုကို သတင်းထုတ်ပြန်ခြင်း မရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ အဆိုပါလျှင်သည် ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၁၀မိနစ်တွင် လှုပ်သွားပြီး ဘာလီကျွန်းနှင့် ဆမ်ဘာဝါကျွန်း အနီးပတ်ဝန်းကျင်သည်လည်း လျှင်လှုပ်မှုဒဏ်ကို ခံစားခဲ့ရကြောင်း ဘာလီနီဆီမြို့ မိုးလေဝသနှင့် ဘူမိ-ရူပဗေဒဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အန်တာရာသတင်းဌာနက ဖော်ပြသည်။ ဆမ်ဘာဝါကျွန်း ဆမ်ဘာဝါဘီဆာမြို့အနောက်မြောက်ဘက် ကီလိုမီတာ ၄၀အကွာ ပင်လယ်ရေမျက်နှာပြင်အောက် ကီလိုမီတာ ၂၄၀ ကို ဗဟိုပြု၍ လျှင်လှုပ်သွားခဲ့ခြင်းဖြစ်သည်။

ပစိဖိတ် မီးတောင်စက်ဝန်းဒေသအတွင်း အင်ဒိုနီးရှားနိုင်ငံသည် ကျရောက် နေသောကြောင့် အင်ဒိုနီရှားတွင် လျှင်များ မကြာခဏ လှုပ်ရှားနေခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် ထွေးဦး ပဲခူးတိုင်း အုတ်တွင်း မြို့နယ်တွင် တည်ဆောက်နေသည့် ခပေါင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပေါင်းလောင်းနှင့် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၈ ရက်တွင် မန္တလေးတိုင်းရှိ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိပြီး ဆည်ရေသိုလှောင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅) ညွှန်ကြားရေးမှူးဦးဇစ်တာက လအလိုက် ပေါင်းလောင်း ရေလှောင်တမံအတွင်း ဆည်ရေရရှိမှု၊ ရေပေးလွှတ်မှုနှင့် ရေလွှဲဆည် တည်ဆောက်မှုမှ အောက်ခြေအုကြောင်း တူးဖော်မှုတို့ကို ရုပ်ပုံဇယားများဖြင့်လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက မန္တလေးတိုင်း လယ်ဝေးမြို့နယ်၌ တည်ဆောက်ဆဲ ချောင်းမငယ် ရေလှောင်တမံ စီမံကိန်းနှင့် မဒန်း ရေလှောင်တမံ စီမံကိန်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပေါင်းလောင်း ရေလှောင်တမံအတွင်း ဆည်ရေရရှိသိုလှောင်မှုနှင့်ရေပိုလွှဲ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က ခပေါင်း ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် ခပေါင်းရေလှောင်တမံ ဘက်စုံ စီမံကိန်းသို့ ရောက်ရှိ၍ ရေလွှဲဥမင်အထွက်ပိုင်းမှ ရေလွှဲစီးဆင်းမှုနှင့် ရေပိုလွှဲအောက်ပိုင်းတွင် ရေငြိမ်ကန် တည်ဆောက်မှုလုပ်ငန်း၏ ကွန်ကရစ်လောင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ပုံစံဒီဇိုင်းများဖြင့် လုပ်ငန်းပြီးစီးမှုကို ရှင်းလင်းပြသကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက် များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးအား စီမံကိန်း ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးဇစ်တာက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မိုးရာသီကာလ ဆောင်ရွက်နိုင်သော လုပ်ငန်းများကို ကြိုးပမ်း တည်ဆောက် ကြရန်နှင့် လုပ်ငန်းများ သေသပ်ခိုင်ခံ့စွာဖြင့် အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ခပေါင်း ရေလှောင်တမံ ဘက်စုံ စီမံကိန်း၌ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက ဆောင်ရွက်နေသည့် ရေသွယ်ဥမင်လိုဏ်အထွက်ပိုင်း ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာ ရှေ့ပိုင်း၌ ဆောင်ရွက်နေသောလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းက ပြသရှင်းလင်းသည်။

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းရှိ မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ၁၃၆၇ခုနှစ် ဝါခေါင်လပြည့် ဩဂုတ် ၁၉ရက် (သောကြာနေ့) ည ၇နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကေသရ အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ထို့နောက်ဝန်ကြီးသည် အုတ်တွင်း မြို့နယ်ရှိ မြန်မာ့ကြံလုပ်ငန်း ရွှေလောင်း ကြံစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးရာ ကြံစိုက်ကွင်းတာဝန်ခံများက ကြံစိုက်ပျိုးမှုနှင့် ကြံမျိုးပွားမှုလုပ်ငန်းများကို ပြသရှင်းလင်းကြပြီး ဝန်ကြီးက ဒေသတွင်းရှိ တောင်သူများကြံစိုက်ပျိုးမှုတွင် နည်းပညာနှင့် မျိုးသန့်ပွားများရရှိရေး၊ စက်ရုံလိုအပ်ချက် ကုန်ကြမ်းကြံ အလုံအလောက်ရရှိအောင် ဖြည့်ဆည်းပေးရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဘုရားဖူးအဖွဲ့များစေလွှတ်ရေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၁၅

သံဝေဇနိယလေးဌာနတည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံများသို့ ဘုရားဖူး အဖွဲ့များစေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကိုက ဘုရားဖူးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က သံဝေဇနိယ လေးဌာနတည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံ တို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘုရားဖူးစေလွှတ်ရေးဆိုင်ရာဆပ်ကော်မတီအသီးသီးက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စတုတ္ထအကြိမ် စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် စတုတ္ထအကြိမ်မြောက် စာတမ်းဖတ်ပွဲကို ဩဂုတ်လအတွင်းတွင် ကျင်းပရန်စီစဉ်ထားသည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက စွန့်စားမှုကို အခြေခံသော စာတမ်းများ၊သမဝါယမဝန်ကြီးဌာနက ကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်မှုရှိသော မြန်မာ့လက်မှုအနုပညာအမှတ်တရပစ္စည်းများ ထုတ်လုပ်မှုဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းများကို ဖတ်ကြားမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများတွင် လက်တွေ့လုပ်ကိုင်နေသော သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များမှ ပုဂ္ဂိုလ်များကို ဦးစားပေးတက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး အသင်းဝင်နှင့် အသင်းဝင်မဟုတ်သောသူများလည်း ပါဝင်တက်ရောက်ရန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဖုန်း-၅၅၉၆၇၂နှင့်၅၅၉၆၇၃တို့တွင် အသေးစိတ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ငှက်ဖျားကာကွယ်ရေးပညာပေး ဆေးစိမ်ခြင်ထောင်များပေးအပ်

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အလက(၁)ကျောင်းခန်းမတွင် ဩဂုတ် ၈ရက် နံနက်၉နာရီခွဲက ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် ခရိုင်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အစီအစဉ်အရ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ခိုင်က ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ဆေးစိမ်ခြင်ထောင်များကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ**(ယာပုံ)**နှင့် တာဝန်ရှိသူများက ပေးအပ်သည်။ (ပြန်/ဆက်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၅

ကျေးလက်နေတောင်သူလယ်သမားများ စိမ်းစိုနေသော လယ်ကွင်းပြင်ကို အားရသောပီတိများဖြင့် ကြည့်ရှုအပန်းဖြေရင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဗဟုသုတသတင်းများအား ဖတ်ရှုလေ့လာနိုင်ရန် ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၆)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် သစ်ပင်တက်တဲ့ လိပ်ကိုဖမ်းမိ၊ ပြည်ပပို့ကုန်အမယ်သစ်၊ ငှက်စေတမန်၊ ဒို့ကျေးရွာမှပေါ်ထွက်ခဲ့သည့် ပညာရှိကဝိစာရေးဆရာ၊ ဆေးဖက်ဝင်ထောပတ်သီး၊ နို့ထွက်တိုးစေဖို့ စနစ်တကျ ကျွေးမွေးစို့၊ ဦးဦးအတွက် ဆေးတစ်ခွက်၊ ဘက်ထရီသုံး စပါးရိတ်စက်၊ သာဖြိုးငါးမထိုးတော့ပါ၊ အကျိုးရှိစွာသုံးပါ ပုလဲဓာတ်မြေဩဇာ၊ စပါးသီးနှံဖျက်ပိုးများအန္တရာယ် ကြိုတင်ကာကွယ်၊ မိုးဦးကျဝတ္ထုရှည် ဓာတ်သိမ်းပိုင်းနှင့် အတူ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ သတင်းအတိုအထွာများ ဖြင့် ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်၃၀-၃၂၊ ၁၀လမ်း လမ်းမတော် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊၂၅၂၄၅၂၊၃၇၉၇၆၈တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)



ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု မြန်မာ့အနုပညာ

တက္ကသိုလ်တင်ခ

ခေတ်ကာလမည်မျှကြာညောင်းပြောင်းလဲစေကာမူ မြန်မာ့အဆို၊ မြန်မာ့အက၊ မြန်မာ့တေးနှင့် မြန်မာ့အတီးအမှုတ်ပညာတို့သည် မြန်မာ့နား၊ မြန်မာ့မျက်စိတွင် မရိုးနိုင်သော အနုပညာရပ်များ ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် မြန်မာတို့၏ ဘိုးဘွားများပေးခဲ့သည့် အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်ပါသည်။

မြန်မာတို့၏အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ဖော်ထုတ်လျက် ရှိနေပေပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်သည့် အမျိုးသားအဆင့်ပြိုင်ပွဲကြီးများအဖြစ် နှစ်စဉ်ထိုက်ထိုက်တန်တန် ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ကျင်းပပေးလျက်ရှိပေသည်။

ယခုအခါ နိုင်ငံတော်က ကြီးမှူးကျင်းပခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှာ တေရသမအကြိမ် (၁၃ ကြိမ်)သို့ပင် ရောက်ရှိခဲ့ပေသည်။

ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည် ဟူသော စကားရှိပါသည်။ မြန်မာ့ယဉ်ကျေးမှုသည် မြန်မာတို့၏ အသက်၊ မြန်မာတို့၏ နှလုံးသည်းပွတ်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံတွင် စုစည်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားယဉ်ကျေးမှုသည် အဆိုပါလူမျိုးများ ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၊ လိုက်နာကျင့်သုံးသည့် ရိုးရာဓလေ့စရိုက်၊ ပြုစုပျိုးထောင်ဖြစ်ထွန်းလာသည့် စာပေသုခုမတို့အပေါ် အခြေတည်ပြီး ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စံ၊ ကိုယ်ပိုင်မှုများဖြင့် ဖြစ်ထွန်းလာစမြဲဖြစ်ပေသည်။ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှုသည် လူမျိုးတစ်မျိုး၏ ယုံကြည်ကိုးကွယ်မှုနှင့် ရိုးရာဓလေ့စရိုက်တို့ ဆက်သွယ်လွှမ်းမိုးနေသည့် ပင်ကိုအရည်အသွေးဖြစ်သကဲ့သို့ အမျိုးသားရေးလက္ခဏာသည်လည်း အဆိုပါလူမျိုးများ၏ ဝိသေသဂုဏ်ဒြပ်တစ်ရပ်ပင် ဖြစ်ပေသည်။

တစ်နည်းအားဖြင့်ဆိုရသော် အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေး လက္ခဏာမပျောက်ပျက်ဘဲ အရှည်တည်တံ့ခိုင်မြဲနေခြင်းသည် သက်ဆိုင်ရာလူမျိုးများ၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ရင့်ကျက်ခိုင်မာမှု၊ အမျိုးဂုဏ် ဇာတိဂုဏ် ထိန်းသိမ်းကာကွယ်နိုင်မှု၊ လက်ရုံးရည် နှလုံးရည်ပြည့်ဝမှုတို့ကို ထင်ဟပ် ဖော်ညွှန်းလျက်ရှိပေသည်။

ခေတ်တစ်ခေတ်၏ ယဉ်ကျေးမှုအနုပညာလက်ရာများသည် တိုင်းပြည်၏ လူနေမှုအဆင့်အတန်းကို ဖော်ထုတ်နိုင်စွမ်းရှိခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က ထွန်းကားခဲ့သော ဗိဿနိုး၊ သရေခေတ္တရာနှင့် ဟန်လင်းစသော ပျူမြို့ပြနိုင်ငံများ၊ ထို့ပြင် ခေတ်ပြိုင်ဖြစ်သော ရခိုင်၊ ဝေသာလီနှင့် မွန်တို့၏ သုဝဏ္ဏဘုမ္မိ စသည့် မြို့ပြနိုင်ငံများ၏ ယဉ်ကျေးမှုသည် အဆင့်အတန်းမြင့်မားစွာရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပေသည်။

တရုတ်မှတ်တမ်းများအရ ပျူတို့၏တေးဂီတမှာ အလွန်နှစ်သက်စွဲလမ်းဖွယ်ကောင်းလှကြောင်း လေ့လာမှတ်သားရသည်။ ခရစ်နှစ်ရှစ်ရာစုအကုန်တွင် ပျူဘုရင်က တရုတ်ဧကရာဇ်နန်းတော်သို့ ပျူသံအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့ရာ ယင်းအဖွဲ့တွင် ပျူတို့၏ တေးဂီတနှင့်ကကြိုးကကွက်ပညာရှင်၊ အဆိုပညာရှင်များ ပါသွားလေသည်။

ယဉ်ကျေးမှုအရာတွင် နှစ်ပေါင်းများစွာစော၍ အဆင့်အတန်း မြင့်မားနေပြီဖြစ်သော တရုတ်ပြည်သို့ပင် ထိုးဖောက်ဆွဲဆောင်နိုင်စွမ်းရှိသော ပျူတို့၏ အဆို၊ အတီး၊ အကပညာရပ်တို့မှာ မည်မျှအဆင့်အတန်းရှိမည်ကို ခန့်မှန်းနိုင်ပါသည်။

ခရစ်နှစ် ၈၀၁–၈၀၂ တွင် ပျူဘုရင်ယုန်ချန်ကိုယ်တိုင် ခေါင်းဆောင်သော အထူးယဉ်ကျေးမှုသံအဖွဲ့တစ်ဖွဲ့ တရုတ်ပြည် ချန်အန်မြို့တော်သို့ ရောက်ရှိခဲ့ရာ ဘုရင်၏ညီတော် သီရိမြို့စား သုနန္ဒနှင့် ဂီတပညာသည် ၃၅ ဦးတို့ လိုက်ပါလာပြီး အဆို၊ အတီး၊ အကတို့ဖြင့် တင်ဆက်ဖျော်ဖြေကြကြောင်း၊ သတ္တု၊ ကနုကမာ၊ ဝါးဘူး၊ သားရေ၊ ဦးချို၊ ဆင်စွယ်တို့ဖြင့်ပြုလုပ်ထားသော ပျူတူရိယာပစ္စည်း ၂၂ မျိုးပါလာကြောင်း တရုတ်မှတ်တမ်းများအရ လေ့လာသိရှိရပါသည်။

ကျင်းပပြီးစီးခဲ့သည့် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် အကပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ–ကြေးမုံ)

ဆိုခြင်း၊ ကခြင်း၊ ရေးခြင်း၊ တီးခြင်း ပညာရပ်လေးမျိုးတွင် ဆိုခြင်းသည် အစောဆုံးသောပညာရပ်တစ်ခု ဖြစ်သည်။ စာပေအရေးအသား မပေါ်မီကပင် လူတို့သည် ဆိုချင်ရာရာတို့ကို ရွတ်ဆိုမြည်ကြွေးကြသည်။ စာပေ အရေးအသားများ ပေါ်ပေါက်လာသောအခါ စာပေအက္ခရာများဖြင့် ရေးဖွဲ့လာခဲ့ကြသည်။

မြန်မာစာပေတွင် အစောဆုံး မြန်မာစာအရေးအသားအဖွဲ့အစပ်တစ်ခုကို ခရစ်နှစ် ၉၀၀ ခန့်က စတင်တွေ့ရှိခဲ့သည်။

ပုပ္ပားနတ်တောင်၊ အခေါင်မြင့်ဖျား

စုံတောပြား၍ နံ့ရှားကြိုင်လွင့်

ခါတန်ပွင့်သည် ရွှေနှင့်ယှိုးမှား ပန်းစကား။

ပုဂံခေတ် သေလည်ကြောင်မင်းလက်ထက် (သက္ကရာဇ် ၂၆၆–၃၀၉၊ ခရစ်နှစ် ၉၀၀)ခန့်က ပေါ်ပေါက်ခဲ့သော ပုပ္ပားနတ်တောင်လင်္ကာသည် မြန်မာစာပေအရေးအဖွဲ့တွင် အစောဆုံးဖြစ်ကြောင်း သိရှိခဲ့ရသည်။

သုတေသီတို့သည် ထိုလင်္ကာကိုရွတ်လိုက်လျှင် ဂီတသံထွက်နေသည်ဟူ၍လည်းကောင်း၊ နရီလိုက်များ ခံစားလာရသည်ဟူ၍လည်းကောင်း တညီတညွတ်တည်းသဘောရကြရာ ၎င်း ပုပ္ပားနတ်တောင်လင်္ကာကိုပင် အစောဆုံးတွေ့ရှိသည့် မြန်မာသီချင်းဟု မှတ်ယူနိုင်ကြောင်း လေ့လာသိရှိရသည်။

အတီးအမှုတ်ပညာရပ်သည် ပျူခေတ်မှစ၍ ပုဂံ၊ ပင်းယ၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်စသည်ဖြင့် ခေတ်အဆက်ဆက်တိုးတက်ထွန်းကားလာခဲ့သည်။ တူရိယာပစ္စည်းတီထွင်သုံးစွဲမှုနှင့် တီးမှုတ်မှုများတွင် ပိုမိုတိုးတက်ထွန်းကားလာမှုကို ခေတ်အလိုက် ရေးထိုးထားသောကျောက်စာမှတ်တမ်းများ၊ စေတီပုထိုးများတွင် ရေးထိုးထားသော ပုံတူများမှတစ်ဆင့် လေ့လာသိရှိနိုင်ခဲ့ပေသည်။

အလားတူ ခေါင်း၊ ခါး၊ ခြေ၊ လက် ကကွက်ညီညီဖြင့် တီထွင်ဆန်းသစ်လာခဲ့သော မြန်မာ့အကသည်လည်း ပျူခေတ်ကပင် ပေါ်ထွန်းခဲ့ကြောင်း မှတ်တမ်းများဖြင့် မော်ကွန်းထိုးကျန်ရှိနေခဲ့ကြောင်း တွေ့ရှိရပေသည်။

သရေခေတ္တရာခေတ် အကအခုန်များနှင့် ပတ်သက်၍ အုတ်ခွက်များတွင် တွေ့ရပုံမှာ ကချေသည်တစ်ဦးသည် မိမိလက်ကို ၈၀ ဒီဂရီ ကွေးမြှောက်ပြီး ယာဘက်ပေါင်တံက ၁၂၀ ဒီဂရီကွေးထားသည့် ဘယ်ဘက်ပေါင်ပေါ်သို့ ရောက်ရှိပြီး ခြေဖျားကော့၍ ခါးကော့ ခေါင်းမော့ထားသည်။ အခြားတစ်ယောက်မှာ ခါးထောက်ပြီး ခြေကိုရှေ့ထိုးလျက် လက်တစ်ဖက်က တစ်ဦးကို ဖက်ထားဟန်မျိုးတွေ့ရသည်။

ရွှေစည်းခုံဘုရားနံရံမှ ကျောက်ရုပ်တုတစ်ခုတွင် ယခုခေတ် ကဗျာလွတ်ကဟန် ဘယ်ခြေညာလက် ကကွက်ကို တွေ့ရသည်။ မြင်းကပါနဂါးရုံဘုရား ဇဟိုတိုင်အောက်ခြေပလ္လင်ခါးရှိ ဗုဒ္ဓရုပ်ပွားတော်ကို တိုင်းသူပြည်သားများက အက၊ အခုန်၊ အတီး၊ အမှုတ်တို့ဖြင့် ပူဇော်ခန်းတွင် ယခုခေတ် တစ်ပင်တိုင်အကမှ ဆံတော်သိမ်းကဟန်များကို တွေ့ရသည့်အတွက် ပုဂံခေတ်ကပင် အကများရှိနေသည်မှာ ထင်ရှားလှ၏။

မြင်စိုင်း၊ ပင်းယခေတ်တွင် သဘင်မှု အတတ်ပညာများ အရှိန်အဟုန် မမြင့်သော်လည်း ပျောက်ကွယ်ခြင်းမရှိခဲ့ချေ။ ငါးစီးရှင်ကျော်စွာလက်ထက်တွင် ကာချင်းနှင့်ကာအက ပေါ်ပေါက်လာခဲ့သည်။

ရှေးခေတ်အဆို၊ အက၊ အရေး၊ အတီးပညာရှင်များသည် ၎င်းတို့၏ ယဉ်ကျေးမှုအနုပညာကို လွန်စွာမြတ်နိုးကြသည်။ ၎င်းတို့၏အနုပညာ မတိမ်ကောမပပျောက်စေရန် ကျောက်စာများ၊စေတီပုထိုးများတွင် မှတ်တမ်းရေးထိုး ကမ္ပည်းတင်ခဲ့ကြသည်။ ခေတ်အဆက်ဆက် နောင်လာနောက်သားများအတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကို ထားရစ်ခဲ့ခြင်းဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် ယနေ့ခေတ်မြန်မာများအနေဖြင့် မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းပြီး အနာဂတ်မျိုးဆက်သစ်များအား လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် ရှေးခေတ်မြန်မာများက လမ်းပြတိုက်တွန်းသွားခြင်းဖြစ်ပေသည်။

မြန်မာသီချင်းစစ်စစ်ကို နားဆင်ရသောအခါ **"ချစ်ရွှင်သနား၊ တည်ကြားကြမ်းကြုတ်၊ စက်ဆုပ်ကြောက်ရွံ့၊ ရဲဝံ့အံ့ဩ၊ နောအရသာ ကျမ်းဂန်လာ"**စာစုကိုသတိပြုမိပါသည်။ မြန်မာ့အနုပညာသည် သိမ်မွေ့သော ပညာဖြစ်ပါသည်။ သီချင်းစာသားကို ခံစားနားလည်ရမှ မြန်မာ့အမျိုးဂုဏ် ဇာတိဂုဏ်ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်လာပါသည်။ မြန်မာ့ရိုးရာအနုပညာ ပျောက်ကွယ်ပါက အမျိုးပျောက်မှာ စိုးကြောက်စေပါသည်။ ရှေးနှစ်ပေါင်းထောင်ချီကတည်းက စတင်နိုင်ခဲ့သော မြန်မာ့ဂီတအနုပညာကို ချီးကျူးဂုဏ်ပြုလိုပါသည်။

မြန်မာစာပေနှင့် မြန်မာ့ဂီတသမိုင်းစဉ်ကိုပါ နှိုင်းယှဉ်လေ့လာနိုင်ပါသည်။ သုတ၊ ရသပြည့်ဝသော သဘောဂုဏ်ရည်ကို တွေ့ရပါသည်။ **"မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ"**သည် ကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်စွမ်းရှိသော မြန်မာ့အနုပညာ ကိုယ်ပိုင်စစ်စစ်ပြိုင်ပွဲကြီးဖြစ်ကြောင်း ဂုဏ်ပြုမော်ကွန်းတင်အပ်ပါသည်။ ။



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းမှ ကွယ်လွန်သူ မိသားစုများအား ရည်စူး၍ ဦးကျင်ထိုက်နှင့် ညီမဒေါ်ရှုရီမိသားစုက ငွေကျပ် ၁၁၀၀၀၀ ကို ဦးစန်မင်း (စာရင်းစစ်)ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

> အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေး လက္ခဏာမပျောက်ပျက်ဘဲ အရှည်တည်တံ့ခိုင်မြဲနေခြင်းသည် သက်ဆိုင်ရာလူမျိုးများ၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ရင့်ကျက်ခိုင်မာမှု၊ အမျိုးဂုဏ် ဇာတိဂုဏ် ထိန်းသိမ်းကာကွယ်နိုင်မှု၊ လက်ရုံးရည် နှလုံးရည်ပြည့်ဝမှုတို့ကို ထင်ဟပ် ဖော်ညွှန်းလျက်ရှိပေသည်။

မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးမှသည် ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေး နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲညီညီကြိုးပမ်း

✡ ကျောဖုံးမှ

ပါမောက္ခချုပ် ဦးစိုးမြင့်က ပခုက္ကူတက္ကသိုလ် သမိုင်းအကျဉ်း၊ တက္ကသိုလ် အကျယ်အဝန်းနှင့် တက္ကသိုလ်အတွင်း တည်ဆောက်ပြီး တည်ဆောက်ဆဲ အဆောက်အအုံများ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု၊ ဝန်ထမ်းအင်အားတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တက္ကသိုလ်၏ ပညာသင်ကြားမှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းပေးပြီး ပါမောက္ခများ၊ နည်းပြ/သရုပ်ပြများအား တိုင်းပြည်၏ အနာဂတ်အတွက် ပညာတတ်လူ့အရင်းအမြစ်များမွေးထုတ်ပေးရန်လိုအပ်ကြောင်း ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်မှာကြားသည်။

ပေါက်မြို့

ယင်းနောက် နံနက် ၉နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် ပခုက္ကူမြို့မှ ပေါက်မြို့သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ၁၆ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းသန်းအေး၊ မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က လူနာဆောင်များ၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ဆောင်တို့ကို လှည့်လည်ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

စက်ရေတွင်းတူးဖော်

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံအနီး၌ ပေါက်မြို့ မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးဦးစီးဌာနက တွင်းတူးစက်ဖြင့် လေးလက်မ စက်ရေတွင်းစမ်းသပ်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က ပေါက်မြို့နယ်၏ တည်နေရာ၊ မြေဧရိယာ အကျယ်အဝန်းနှင့် စိုက်ပျိုးမြေဧက၊ ဒေသ၏မိုးရွာသွန်းမှု၊ စပါးနှင့်အခြားသီးနှံ စိုက်ပျိုးဖြစ်ထွန်းမှုများ၊ ဒေသဆန်ဖူလုံမှုများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပေါက်မြို့နယ်၌ ကျေးရွာပေါင်း ၂၃၄ရွာရှိရာ သန့်ရှင်းသောသောက်သုံးရေ ၁၈၇ရွာ ရရှိပြီးဖြစ်ကြောင်း၊ သန့်ရှင်းသောသောက်သုံးရေ မရသေးသည့် ကျေးရွာ ၁၄ရွာ၊ ရေမလုံလောက်သည့် ကျေးရွာ ၁၀ရွာ၊ ရေခက်ခဲသည့် ကျေးရွာ ၂၃ရွာသာ ကျန်ရှိပါကြောင်း။

ကျေးလက်များ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများနှင့် ပေါက်မြို့ ရေပေးဝေရေးစီမံကိန်း လုပ်ငန်းများကို စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြပြီး ဒေသ၏ လူတစ်ဦးချင်းဝင်ငွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်မှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး ကိစ္စများကို ထပ်မံမေးမြန်းရာ မြို့နယ်၊ ခရိုင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တိုင်းမှူးတို့က ကိန်းဂဏန်းအချက်အလက်များ၊ မြေပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့မိမြို့ဖများက ပေါက်မြို့တွင်း ဆင်ဇာချောင်း၏ ရေစီးရေလာအခြေအနေ၊ လက်ရှိ ဆင်ဇာချောင်းကူးတံတား အခြေအနေနှင့် ဆင်ဇာချောင်းကူးတံတားသစ် တည်ဆောက်ရန် လိုအပ်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ပေါက်မြို့နယ်၌ စိုက်ပျိုးရေရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိရေးလုပ်ငန်း ၁၆ခုအနက် ၁၂ခု ပြီးစီးပြီး လေးခုသာ ဆောင်ရွက်ရန် ကျန်ရှိသည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပေါက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ တယ်လီဖုန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအပါအဝင် လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ဒေသအသီးသီး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စသည့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပေါက်မြို့နယ်၌ စိုက်ပျိုးရေ အခက်အခဲ၊ သောက်သုံးရေ အခက်အခဲများရှိသဖြင့် မြို့ရေပေးရေးလုပ်ငန်း၊ ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပခုက္ကူတက္ကသိုလ် ပင်မဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေရရှိရေး

စိုက်ပျိုးရေရရှိရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အခြားဒေသများ၌ ကေထောင်၊ သောင်းချီ၍ အကျိုးပြုသည့် စိုက်ပျိုးရေရရှိရေးစီမံကိန်းကြီးများကို တည်ဆောက်အကောင်အထည်ဖော် ပေးနိုင်သော်လည်း ဤဒေသအပါအဝင် ပခုက္ကူလွင်ပြင်၌ ရေ၊ မြေ အခြေအနေအရ ရနိုင်သမျှ ရေအရင်းအမြစ်များကို စုစည်းအသုံးပြုနိုင်ရန် အသေးစားဆည်တမံများကိုသာ ဦးစားပေး တည်ဆောက်၍ ရေရရှိရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရကြောင်း။

နိုင်ငံတော်အနေဖြင့် ပေါက်ဒေသစိမ်းလန်းစိုပြည်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည်များကို အဖြစ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးမှသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်၊ပြည်သူနှင့် တပ်မတော်လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းကိုသီဆို၍ နှုတ်ဆက်ကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျောင်းအုပ်ဆရာကြီး ဦးစန်းနှင့် ဆရာ၊ ဆရာမများက ကျောင်းဆောင်များ အခြေအနေနှင့် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုတို့ကို လှည့်လည်ရှင်းလင်းပြသကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းသား၊ ကျောင်းသူလေးများက သင်ယူတတ်မြောက်မှု စွမ်းရည်များကို ပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါက်မြို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် မွန်းတည့် ၁၂နာရီတွင် ပခုက္ကူမြို့နယ် အင်းဘတ်ကျေးရွာအနီး၌ မကွေးတိုင်း ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် အင်းဘတ်ရေလှောင်တမံသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက အင်းဘတ်ရေလှောင်တမံတည်ဆောက်ရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပခုက္ကူ ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေရရှိရေး စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကိုမှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❃

ရနိုင်သမျှ ရေအရင်းအမြစ်များကို စုစည်းအသုံးပြု

- ❐ နိုင်ငံတော်၏ အခြားဒေသများ၌ ကေထောင်၊ သောင်းချီ၍ အကျိုးပြုသည့် စိုက်ပျိုးရေ ရရှိရေး စီမံကိန်းကြီးများကို တည်ဆောက် အကောင်အထည်ဖော် ပေးနိုင်သော်လည်း ဤဒေသအပါအဝင် ပခုက္ကူလွင်ပြင်၌ ရေ၊ မြေ အခြေအနေအရ ရနိုင်သမျှ ရေအရင်းအမြစ်များကို စုစည်းအသုံးပြုနိုင်ရန် အသေးစား ဆည်တမံများကိုသာ ဦးစားပေး တည်ဆောက်၍ ရေရရှိရေး လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရ၊
- ❐ နိုင်ငံတော်အနေဖြင့် ပေါက်ဒေသ စိမ်းလန်းစိုပြည်ရေး၊ ဒေသခံ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည်များကို အဖြစ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်။

ရထားလမ်းသစ်၊ ကားလမ်းသစ်များ၊ လိုအပ်သော မြစ်ကူး ချောင်
ပခုက္ကူဒေသကို ဖွံ့ဖြိုးရေးဒေသကြီး တစ်ခုအဖြစ် သတ်မှတ်၍ လိုအ
ရနိုင်သမျှ ရေအရင်းအမြစ်များကို ရှာဖွေဖော်ထု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ပခုက္ကူခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးက ပခုက္ကူခရိုင်နှင့် ခရိုင်

❀ စာမျက်နှာ ၇ မှ

ထို့နောက် အင်းဘတ်ရေလှောင်တမံ၏ ပင်မတမံနှင့် ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းဘတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ရေရရှိရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ လယ်ယာလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းအားပေးသည်။

အင်းဘတ်ရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၄၃ ပေ၊ တမံအလျားပေ ၃၆၅၀ ရှိမည်ဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၁၄၀ ရှိမည့် ရေလှောင်တမံဖြစ်ပြီး ဧက ၂၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည့် အသေးစားတမံဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အင်းဘတ်ရေလှောင်တမံမှ ပခုက္ကူမြို့သို့ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာ၍ ပခုက္ကူမြို့နယ်၌ တည်ဆောက်လျက်ရှိသည့် နန်းပို့ရေလှောင်တမံစီမံကိန်းကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြသည်။

မွန်းလွဲ ၂ နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ပခုက္ကူခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာ

အတွင်းရှိ မြို့နယ်ငါးမြို့နယ်၏ အကျယ်အဝန်း၊ လူဦးရေအခြေအနေ၊ မြေသယံဇာတ၊ မိုးရွာသွန်းမှု၊ စပါးစိုက်ပျိုးဖြစ်ထွန်းမှုနှင့် ဒေသဆန်ဖူလုံမှုရာခိုင်နှုန်း၊ ခရိုင်၏ GDP နှင့် လူတစ်ဦးချင်း ဝင်ငွေအခြေအနေ၊ မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်မှုများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စများ၊ ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ပခုက္ကူခရိုင်၏ ဖွံ့ဖြိုး တိုးတက်မှု၊ ဒေသစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စီမံ/စီးပွ

ထို့နောက် အမျိုးသားစီမံကိန်းနှင့် ဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်စီ စီးပွားရေးစီမံကိန်းများ ချမှတ်ဆောင်ရွ စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် မကွေးတိုင်း ခရိုင်က ခရိုင်၏စီးပွားရေးဖွံ့ဖြိုးတိုးတက် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်

လယ်ယာ/ဆည

ဆက်လက်၍ လယ်ယာစိုက်ပျိုး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော်၏ လူမ များအပါအဝင် စိုက်ပျိုးထုတ်လုပ်သူများ၏ ဖြစ်ထွန်းစေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆောင်ရွက်ပေးနေမှုများ၊ ဝမ်းစာဖူလုံရေး ရရှိအောင် ပြည်ပသို့ တင်ပို့ရောင်းချရေး ဆိုင်ရာ ကိစ္စများကို ရှင်းလင်းပြောကြား

သစ်တောဧ

ဆက်လက်၍ သစ်တောရေးရာဝ သိန်းအောင်က သစ်တောသစ်ပင်များ ကောင်းမွန်၍ ဒေသစိမ်းလန်းစိုပြည်သာ ပခုက္ကူခရိုင်အတွင်းရှိ ဆည်၊ တမံများ၏ သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် သစ် စိုက်ပျိုးသွားရန် စီစဉ်ထားမှုများ၊ ပခုက္ တည်ဆောက်ရန် စီစဉ်လျက်ရှိသည့် အ သည်။

နယ်စပ်/စည

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်း ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြ လုပ်ငန်း ဆောင်ရွက်နိုင်ရန် စည်ပင်သာယ ဖြင့် လေးလက်မစက်ရေတွင်း စမ်းသပ်တူ

ရေဝတီမြစ်အနောက်ဘက်ကမ်းမြို့တော်ဖြစ်ရေး

ပခုက္ကူမြို့ကိုရေဝတီအနောက်ဘက်ကမ်း မြို့တော်ဖြစ်ရေး၊ ပခုက္ကူခရိုင် တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေးတို့အပြင် ဆက်စပ်နေသော ချင်းပြည်နယ်တောင်ပိုင်း ဒေသများပါ ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် မိမိတို့ တပ်မတော်အစိုးရ တာဝန်ယူသည့် အချိန်မှစ၍ လိုအပ်သည့် အခြေခံများကို စတင်ပြုစုပျိုးထောင် ဆောင်ရွက်ပေးခဲ့။

မြစ်ကူး ချောင်းကူး တံတားကြီးများ၊ လေယာဉ်ကွင်းကြီးများကို တည်ဆောက်ပေးသကဲ့သို့ သတ်မှတ်၍ လိုအပ်သော တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံကြီးများကို တည်ဆောက်ထူထောင်ပေးခဲ့ ရှာဖွေဖော်ထုတ်ပြီး စိုက်ပျိုးရေ ရရှိအောင် ကြိုးစားဖန်တီးပေးလျက်ရှိ

စီမံ/စီးပွား

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက် ကာလတိုစီးပွားရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် မကွေးတိုင်း၏ ပါဝင်မှုအချိုးအစားနှင့် ပခုက္ကူခရိုင်က ခရိုင်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

လယ်ယာ/ဆည်မြောင်း

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော်၏ လူများစုဖြစ်သော တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးထုတ်လုပ်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဓိကဆောင်ရွက်ပေးနေမှုများ၊ ဝမ်းစာဖူလုံရေး၊ ပိုလျှံသည်များကို နိုင်ငံခြားဝင်ငွေရရှိအောင် ပြည်ပသို့ တင်ပို့ရောင်းချရေး၊ သီးနှံစိုက်စွမ်းအား တိုးတက်ရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းပြောကြားသည်။

သစ်တောရေးရာ

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သစ်တောသစ်ပင်များ စိုက်ပျိုးခြင်းကြောင့် ရာသီဥတုကောင်းမွန်၍ ဒေသစိမ်းလန်းစိုပြည်သာယာမှုကို အထောက်အကူပြုမှုများ၊ ပခုက္ကူခရိုင်အတွင်းရှိ ဆည်၊ တမံများ၏ ရေဝေရေလဲဒေသများ၌ သစ်တောသစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် သစ်တောရေးရာဝန်ကြီးဌာနက ကြီးကြပ်စိုက်ပျိုးသွားရန် စီစဉ်ထားမှုများ၊ ပခုက္ကူဒေသ၌ သစ်အချောထည်စက်ရုံတည်ဆောက်ရန် စီစဉ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

နယ်စပ်/စည်ပင်

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပေါက်မြို့ မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးဦးစီးဌာနက တွင်းတူးစက်ဖြင့် လေးလက်မစက်ရေတွင်း စမ်းသပ်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်တွင် ပါဝင်သည့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးနှင့် သောက်သုံးရေရရှိရေး လုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနက အဓိကထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ သောက်သုံးရေ ခက်ခဲသော ကျေးရွာများ၌ ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ ကျေးရွာပေါင်း ၇၉၀၀ ကို သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရေအခက်အခဲရှိသည့် ကျေးရွာများ၌ သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း။

ပခုက္ကူခရိုင်အတွင်းရှိ ကျေးရွာများ၌ ရေအခက်အခဲကြုံသဖြင့် သန့်ရှင်းသော သောက်သုံးရေ ရရှိအောင် စက်ရေတွင်းများ တူးဖော်ပေးခဲ့ရာ မကြာမီကာလတွင် ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိတော့မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပခုက္ကူဒေသသည် မကွေးတိုင်း၌ ဒေသဆန်ဖူလုံမှု အားအနည်းဆုံးဖြစ်ပြီး မိုးခေါင်၍ ရေရှားပါးသော ဒေသဖြစ်ကြောင်း၊ ပြည်သူအများစုမှာလည်း ကျေးလက်ဒေသများ၌ အခြေချနေထိုင်လျက်ရှိကြရာ အတိတ်ကာလ အတွေ့အကြုံအရ ကျေးလက်ဒေသများ မဖွံ့ဖြိုးသည်နှင့်အမျှ ပြည်သူအများမှာ ဆင်းရဲကျပ်တည်းမှုများ ကြုံတွေ့ခဲ့ကြရကြောင်း၊ ပခုက္ကူဒေသသည် နေထိုင်စားသောက်ရေး၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အပြင် သောက်သုံးရေ ရှားပါးမှု၊ မိုးခေါင်ရေရှားပြီး စိုက်ရေးပျိုးရေးခက်ခဲမှုတို့ကို ကြုံတွေ့နေခဲ့ရသည့် ဒေသဖြစ်ခဲ့ကြောင်း။

ထို့ကြောင့် ပခုက္ကူမြို့ကို ဧရာဝတီအနောက်ဘက်ကမ်း မြို့တော်ဖြစ်ရေး၊ ပခုက္ကူခရိုင်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးတို့အပြင် ဆက်စပ်နေသော ချင်းပြည်နယ်တောင်ပိုင်း ဒေသများပါ ဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် မိမိတို့ တပ်မတော်အစိုးရ တာဝန်ယူသည့်အချိန်မှစ၍ လိုအပ်သည့်အခြေခံများကို စတင်ပြုစုပျိုးထောင် ဆောင်ရွက်ပေးခဲ့ကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီးအဖြစ်

ရထားလမ်းသစ်များ၊ ကားလမ်းသစ်များ၊ လိုအပ်သော မြစ်ကူး ချောင်းကူး တံတားကြီးများ၊ လေယာဉ်ကွင်းကြီးများကို တည်ဆောက်ပေး သကဲ့သို့ ပခုက္ကူဒေသကို ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုအဖြစ် သတ်မှတ်၍ ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သော တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံကြီးများကို တည်ဆောက်ထူထောင်ပေးခဲ့ကြောင်း။

ထို့အပြင် ရနိုင်သမျှ ရေအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ပြီး စိုက်ပျိုးရေ ရရှိအောင် ကြိုးစားဖန်တီးပေးလျက်ရှိကြောင်း။

ထို့ကြောင့် ဤအရပ်၊ ဤဒေသ၌ ဆည်တမံအသစ်များ၊ လျှပ်စစ်မြစ်ရေတင် စခန်းများ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း။

ထို့ပြင် ဒေသ၏ မြေပြင်ပထဝီအနေအထားအရ အသေးစား ဆည်တမံငယ်များကို ထူထောင်ပေးခြင်းဖြင့်သာ ရနိုင်သမျှ ရေအရင်းအမြစ်များကို စုစည်းအသုံးချနိုင်မှာဖြစ်၍ ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး အသေးစားဆည်၊ တမံလုပ်ငန်းငယ်များကို ဦးစားပေးတည်ဆောက်လျက်ရှိကြောင်း။

ဒေသအတွင်းရှိ ရေ၊ မြေ၊ သယံဇာတများကို အကျိုးရှိရှိ အပြည့်အဝ ပေါင်းစပ် အသုံးပြုနိုင်မှသာ ဒေသခံပြည်သူများအနေဖြင့် တစ်သီးမှ နှစ်သီး သီးထပ်စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ဝင်ငွေတိုးတက်လာမှာဖြစ်ကြောင်း။

ဝီရိယအပေါ်မူတည်

မိမိတို့ အလုပ်လုပ်နိုင်သည့်အပေါ် ဝီရိယစိုက်ထုတ်မှုကို မူတည်၍ လူနေမှုဘဝ မြင့်မားလာမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်မူ လိုအပ်သော အခြေခံများကို ဦးဆောင်ပြုစု မ,တည်ထူထောင်ပေးလျက်ရှိရာ ဒေသခံပြည်သူများက နားလည်ယုံကြည် ပူးပေါင်း အကောင်အထည် ဖော်ကြရန်လိုကြောင်း။

ဒေသဆန်ဖူလုံရေး၊ သစ်တောသစ်ပင် ပြုစုထိန်းသိမ်းရေး၊ ဒေသ စိမ်းလန်းစိုပြည်ရေး၊ ဝင်ငွေကောင်းသော သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၈-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ဘိုင်းဒါးရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၅:၁၅ ၆။ **၂၀၀၅ခုနှစ် တေရသမ အကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ဓမ္မပူဇာတေး) (ဝါသနာရှင်အဆင့်) (အမျိုးသား)**
၅:၂၅ ၇။ အတီးပြိုင်ပွဲ
၅:၃၀ ၈။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၄၀ ၉။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၅:၅၀ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၁၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"(အပိုင်း–၁၄)**
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေးနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း–၁၄)**
၇:၃၅ ၁၅။ ကြေးမုံရိပ်သွင် တေးနှယဉ်
၇:၄၅ ၁၆။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ကျွမ်းဘား)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်" (အပိုင်း–၄)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ဝင်ငွေကောင်းသီးနှံများ တိုးချဲ့စိုက်ပျိုး၊ ဒေသနှင့်ကိုက်ညီသော မွေးမြူရေး ပူးတွဲလုပ်ကိုင် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာပြီး ဆင်းရဲနွမ်းပါးမှု ကျဆင်းလာမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အင်းဘတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံ ပြည်သူများအား ရေရရှိရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ လယ်ယာလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းအားပေးစဉ်။ (သတင်းစဉ်)

● **စာမျက်နှာ ၉ မှ**

ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ပူးတွဲလုပ်ကိုင်ရေးတို့ကို အလေးထားဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာပြီး ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းလာမှာဖြစ်ကြောင်း။

ယခုလည်း ပခုက္ကူဒေသသည် ယခင်အခြေအနေများနှင့် မတူတော့ဘဲ တိုးတက်ဖွံ့ဖြိုးလာနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပြီဖြစ်ကြောင်း။

ရေရရှိရေး

တစ်ချိန်တည်းမှာပင် ပခုက္ကူခရိုင်ရှိ မြို့များ၏ မြို့ရေရရှိရေး၊ ကျေးလက်ဒေသတစ်ခွင်လုံး၌ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးတို့အတွက် စီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ခရီးအတော်ရောက်နေပြီဖြစ်ကြောင်း၊ မကြာမီ ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိတော့မည် ဖြစ်ကြောင်း။

တစ်ဖက်မှလည်း စက်မှုအခြေခံရှိသည့် ပခုက္ကူဒေသ၌ ပခုက္ကူ ပုဂ္ဂလိကစက်မှုဇုန်ကို ထူထောင်အားပေးလျက်ရှိရာ ပခုက္ကူဂျစ်ကားနှင့် ကုန်တင်ယာဉ်ကြီးများမှာ ဈေးကွက်ရရှိလျက်ရှိသဖြင့် စက်မှုလုပ်ငန်းများ တိုးတက်၍ ပြည်သူများ၏ဝင်ငွေ တိုးပွားလာဦးမှာဖြစ်ကြောင်း။

ပိုမိုဖွံ့ဖြိုးလာမည်

လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပခုက္ကူဒေသသည် ပိုမိုဖွံ့ဖြိုးလာမှာသေချာကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပခုက္ကူဒေသရှိ ပြည်သူများ၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုအပေါ် လိုအပ်သည်များကို ဆက်လက်ဖြည့်ဆည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

အထူးသဖြင့် ဒေသအလိုက် ဖွဲ့စည်းထူထောင်ထားသော လူမှုရေးအသင်းအဖွဲ့များ၏ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လာမှုများမှာ အားရစရာကောင်းသည်နှင့်အမျှ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ အတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အလားအလာကောင်းကို တွေးမြင်ပုံဖော်၍ ရနိုင်ကြောင်း။

ဦးထမ်းပွဲထမ်း

နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ဦးထမ်းပွဲထမ်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်လာနိုင်သည်နှင့်အမျှ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတို့မှာ အောင်မြင်ပြီးမြောက်ရမှာ ဖြစ်ကြောင်းဖြင့် မှာကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ▲

- နိုင်ငံတော်အစိုးရအနေဖြင့် ပခုက္ကူဒေသရှိ ပြည်သူများ၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုအပေါ် လိုအပ်သည်များကို ဆက်လက်ဖြည့်ဆည်း လုပ်ဆောင်သွားမည်။
- ဒေသအလိုက် ဖွဲ့စည်းထူထောင်ထားသော လူမှုရေးအသင်းအဖွဲ့များ၏ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုများမှာ အားရစရာကောင်းသည်နှင့်အမျှ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အလားအလာကောင်းကို တွေးမြင်ပုံဖော်၍ ရနိုင်။
- နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ဦးထမ်းပွဲထမ်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်လာနိုင်သည်နှင့်အမျှ ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတို့မှာ အောင်မြင်ပြီးမြောက်ရမှာဖြစ်။

▲ စာမျက်နှာ ၁၀ မှ

ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပခုက္ကူခရိုင်နှင့် မြို့နယ်များမှ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြစ်ရေတင်စီမံကိန်းဒေသများမှ တောင်သူလယ်သမားများနှင့်တွေ့ဆုံပြီး မြစ်ရေတင်စီမံကိန်းများအလိုက် မူလလျာထားဧကများအတိုင်း စိုက်ပျိုးရေပေးဝေနိုင်အောင် ရေတင်စီမံကိန်းများကို စနစ်တကျ ပြုပြင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

နှုတ်ဆက်အားပေး

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ အစိုးရနည်းပညာကောလိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ပခုက္ကူမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး ပခုက္ကူမြို့ အစိုးရကွန်ပျူတာကောလိပ်သို့လည်း သွားရောက်ကာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံနှုတ်ဆက်မှာကြားသည်။

ပညာရေးကောလိပ်

နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ဩဂုတ် ၁၃ရက် ညနေပိုင်းတွင် ပခုက္ကူမြို့ ပညာရေးကောလိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပညာရေးကောလိပ် ပညာစစ်သည်ခန်းမ၌ မကွေးတိုင်း ပညာရေးမှူး၊ ပညာရေးကောလိပ် ဒုတိယကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ပခုက္ကူမြို့ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားသည်။

တွေ့ဆုံမှာကြား

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ပခုက္ကူမြို့ ခုတင် ၂၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပခုက္ကူမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပေါက်မြို့ ၁၆ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပတင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တောင်ဒဂုံစက်မှုဇုန် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ တောင်ဒဂုံစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၄နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တောင်ဒဂုံစက်မှုဇုန် ဇုန်(၁)ရှိ Yangon Machinary Industry Co., Ltd.၏ မီးခံသေတ္တာ၊ ရုံးသုံးသံဗီရိုများထုတ်လုပ်သည့် စက်ရုံသို့ ရောက်ရှိလာပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံပိုင်ရှင် ဦးရန်ဟုန်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် Myanmar Metal Co., Ltd.၏ ပရိဘောဂစက်ရုံအတွင်း အလျူမီနီယံဖြင့် ပြုလုပ်သည့် ကြောင်အိမ်၊ လှေကား၊ သံဖြင့်ပြုလုပ်သည့် စားပွဲ၊ လှေကားနှင့် ပလတ်စတစ်ထိုင်ခုံများ ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးရာ မန်နေဂျင်းဒါရိုက်တာ ဦးရန်မြင့်ရှိန်ကလည်းကောင်း၊ Asia World ကုမ္ပဏီလီမိတက်၏ Myanmar Paper စက်ရုံအတွင်း စက္ကူဖြင့် ပြုလုပ်သည့် ထုပ်ပိုးခွံများတွင် အသုံးပြုရန်အတွက် စက္ကူကုန်ကြမ်းများနှင့် ကုန်ချောများ အဆင့်ဆင့်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးရာ စက်ရုံပိုင်ရှင် ဦးထွန်းမြင့်နိုင်က လည်းကောင်း၊ ရွှေဝတ်ရည် စက္ကူထုတ်လုပ်သည့်စက်ရုံအတွင်း စာရေးစက္ကူ အရွယ်အစားမျိုးစုံ ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးရာ စက်ရုံပိုင်ရှင် ဒေါက်တာဒေါ်ရီရီနွယ်က လည်းကောင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်ရေးအတွက် ထုတ်လုပ်သည့် ကုန်ပစ္စည်းတစ်ခုချင်း၏ အရည်အသွေး စံချိန်စံညွှန်းပြည့်မီခြင်း ရှိ/မရှိ မပြတ်စစ်ဆေးထုတ်လုပ် ဖြန့်ဖြူးကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် စက်မှုဇုန်ကိုးဇုန်နှင့် စီးပွားရေးဖွံ့ဖြိုးမှုဇုန် တစ်ဇုန် စုစုပေါင်း ၁၀ဇုန် တည်ရှိပြီး စက်ရုံပေါင်း ၁၈၁၂ရုံ လည်ပတ်လျက်ရှိရာ မြန်မာငွေကျပ် သန်းပေါင်း ၆၉၇၃၁ ဒသမ ၆သန်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၁၅ရက်က အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အဖွင့်အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

စားပွဲတင်တင်းနစ် နည်းပြသင်တန်း ဖွင့်ပွဲနှင့် ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) သင်တန်းခန်းမ၌ကျင်းပသော အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းညှိနှိုင်း၍ အိုလံပစ်သွေးစည်းညီညွတ်ရေး အစီအစဉ်အရ ဖွင့်လှစ်သော စားပွဲတင်တင်းနစ် နည်းပြသင်တန်း အဆင့်(၁)ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြသည်။ ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ITTF Course Director အမေရိကန်ပြည်ထောင်စုမှ Mr. Richard Mc က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်း၊ဝန်ကြီးဌာနများ၊စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် ကလပ်အသင်းများမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၃ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၂၅ရက်အထိ ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် နံနက် ၉နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၅ခုနှစ် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ယမန်နှစ် ချန်ပီယံ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က မိမိတို့ ရရှိခဲ့ကြသော တံခွန်စိုက်ဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံကြရာ ဝန်ကြီးက လက်ခံပြီး အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ယနေ့ပြိုင်ပွဲ–ပွဲစဉ်များကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း အမျိုးသား ၁၂သင်း၊ အမျိုးသမီး ကိုးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၃ရက်အထိ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ ဖွင့်ပွဲအထိမ်းအမှတ်နှင့် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် ဘောလုံးရာသီ ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ၂၀၀၅ခုနှစ် ဇွန် ၁၂ရက်မှ ၂၄ရက်အထိ ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ကျင်းပသည့် အာရှ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကား

ရှေးဦးစွာ ဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အာရှအမျိုးသမီး ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ၏ ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၃၀ကို အားကစားဝန်ကြီးဌာန ဝန်ကြီးက အဖွဲ့ခေါင်းဆောင်နှင့် နည်းပြတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ဂုဏ်ပြုငွေကျပ်သိန်း၂၀ကို ရန်ကုန်မြို့တော်ဝန်ကအသင်း ကိုယ်စားလှယ် နှစ်ဦးတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အာရှခြေစစ်ပွဲအောင် အမျိုးသမီးဘောလုံး အားကစားသမားများအတွက် ချီးမြှင့်ငွေ ကျပ်ငါးသိန်းကို လည်းကောင်း၊ အမျိုးသမီးဘောလုံး နာယကများ၏ ချီးမြှင့်ငွေကျပ် သုံးသိန်းကို ဘောလုံးအားကစား တာဝန်ခံ နာယက ဒေါ်မေကြည်စိန်က လည်းကောင်း၊ ဘောလုံးအားကစားနာယက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးကြည်က ချီးမြှင့်ငွေ ကျပ်နှစ်သိန်းကို ဘောလုံးအသင်း ကိုယ်စားလှယ်များအား လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာ့ဘောလုံး အားကစားနည်း တိုးတက်ရေးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ဘောလုံးအသင်း အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားဟောင်းများ ဖြစ်ကြသော ဗိုလ်မှူးကြီးဘရွှေ(ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း)၊ ဦးဘူဒါ(ခ) ဦးရွှေသိန်း၊ ဆရာဦးညိမ်း၊ ဦးခင်မောင်အေး၊ ဦးဖေခင်၊ ဦးလှမောင်၊ ဦးစိန်လှိုင်၊ ဦးဘကြည်နှင့် ဦးထွန်းငြိမ်းတို့အား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များက ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီကိုပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ပြုခံ ပုဂ္ဂိုလ်များကိုယ်စား ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း)က ကျေးဇူးတင်စကားပြောကြားသည်။

တည်ခင်းဧည့်ခံ

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီတွင် မြန်မာ့ဘောလုံးအားကစား တိုးတက်ရေးအတွက် ထောက်ပံ့ကူညီပေးခဲ့ကြသည့် ကုမ္ပဏီနှင့် လုပ်ငန်းများအား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြပြီး ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆု

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အာရှခြေစစ်ပွဲ အောင်မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းအား ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။

(ကြေးမုံ)

စွမ်းအင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မြန်အောင်ရွှေပြည်သာ ရေနံမြေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဩဂုတ် ၁၃ရက်တွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်အတူ ပြည်မြို့ မှုတ်ရှည်ကျေးရွာအုပ်စု ဓမ္မောဒယဘုန်းတော်ကြီးကျောင်း၌ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကိုးကျောင်းသို့ စာရေးကိရိယာများလှူဒါန်းပွဲသို့ တက်ရောက်၍ ကျောင်းသား၊ ကျောင်းသူ ၁၈၁၇ဦးတို့အတွက် ဗလာစာအုပ်နှင့် ခဲတံများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း မြန်အောင် ရွှေပြည်သာ ရေနံမြေသို့ ရောက်ရှိပြီး ရေနံမြေရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရွှေပြည်သာရေနံမြေ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိမှု အခြေအနေများနှင့် တွင်းသစ်များ တူးဖော်ရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ဝန်ထမ်းများအပိုင်းမှ မိမိတို့ရရှိထားသော အတွေ့အကြုံများ၊ အတတ်ပညာများဖြင့် ပိုမိုအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် စက်နှင့်အရန်ပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအမံများကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် တွင်းအမှတ် (၅၆)တွင် ရေနံစုပ်တင်နေမှုနှင့် တွင်းအမှတ်(၅၇)တွင် တွင်းသစ်တူးဖော်ရန် ပြင်ဆင်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်မြို့နယ် မန်ကျည်းကွင်း ကျေးရွာအခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်၍ ဇလုပ်မအခြေခံပညာ အထက်တန်းကျောင်း၊ မန်ကျည်းကွင်း ကျေးရွာအခြေခံပညာ မူလတန်းကျောင်းနှင့် ဓိဖြူကုန်း ကျေးရွာအခြေခံပညာ မူလတန်းကျောင်းများအတွက် စာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်နှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင်သည် ဩဂုတ် ၁၄ရက်တွင် မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းနှင့် ကြံခင်းမြို့နယ် မျောက်ချောကုန်းပရဟိတကျောင်းတို့၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီးကျင်းပသော စာအုပ်နှင့်စာရေးကိရိယာများ လှူဒါန်းပွဲသို့ တက်ရောက်၍ ကျောင်းသား၊ ကျောင်းသူများ အသုံးပြုရန်အတွက် ဗလာစာအုပ်နှင့် ခဲတံများလှူဒါန်းပြီး တက်ရောက်လာကြသူများအား အသင်းကြီး၏ အမျိုးသားရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။ (သတင်းစဉ်)

ရွှေဘိုမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၁၅

ရွှေဘိုမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားအနီး ပိန်းဇလုပ်ကျောင်းတိုက်၌ ဩဂုတ်၂၁ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များထဲမှ အသက်(၇၅)နှစ်အထက် မိဘများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင် သားသမီးများသည် အမှတ်စာရင်းမိတ္တူနှင့်အတူ ဩဂုတ်၂၀ရက် နောက်ဆုံးထား၍ ဦးဌေးမောင် ဖုန်း-၂၉၀၁၆၈၊ ဦးထွန်းထွန်း ဖုန်း-၅၄၃၉၅၈၊ ဦးမောင်ကျော် ဖုန်း-၅၇၂၁၂၅၊ ဦးထွန်းထွန်းဦး ဖုန်း-၃၈၇၈၈၅နှင့် ဦးမင်းဆွေ ဖုန်း-၂၅၃၁၈၉တို့ထံသို့ ဆက်သွယ်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။ (က-ပ)

မြန်မာဟော်ကီ ကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်တွင်း ပြည်ပရေးရာ တာဝန်ခံ ဦးကျော်နိုင်တို့သည် ဩဂုတ်၁၃ရက် ညပိုင်းက မြန်မာ့လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်၊ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ တွဲဖက်ပြည်ပရေးရာ တာဝန်ခံ ဦးကျော်ဌေးသိန်းနှင့် အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရှိစဉ် ဝန်ကြီးချုပ်၏ အထူးအရာရှိနှင့်လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Fazrul Rahman၊ ဘင်္ဂလားဒေ့ရှ် ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် လေတပ်ဦးစီးချုပ် H.E. Mr. Faqrul Azamနှင့် BKSP ကျောင်းအုပ်ကြီး Brigadier Mr. Najeeb Hasan တို့နှင့် ဟော်ကီဖွံ့ဖြိုးရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ရာ မကြာမီကာလတွင် မြန်မာနိုင်ငံ၌ ဘင်္ဂလားဒေ့ရှ်-မြန်မာ ချစ်ကြည်ရေး မြက်ခင်းတုကွင်း တည်ဆောက်ရေးအတွက် သဘောတူညီမှုများရရှိခဲ့ပြီး ၎င်းကွင်း တည်ဆောက်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အကုန်အကျခံမည်ဖြစ်၍ အောက်ခြေပိုင်းနှင့် အဆင့်မြင့်ပွဲကြည့်စင်များကို အားကစားဝန်ကြီးဌာန ဟော်ကီအဖွဲ့ချုပ်နှင့် MMM ဆောက်လုပ်ရေးတို့ ပူးပေါင်းဆောင်ရွက်စီစဉ်သွားမည်ဖြစ်သည်။

(ဟော်ကီအဖွဲ့ချုပ်)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရောင်းအားအကောင်းဆုံးဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကပိုင် ဘောလ်ပင်စက်ရုံကို တည်ထောင်၍ Boos, Jumbo, Boss Reynolds, Boss Smart Jell(မင်စို) ဘောလ်ပင်များနှင့် Boos Smart Correction Pen အပါအဝင် စာရေးကိရိယာများကို သွင်းကုန်အစားထိုးအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိသော Beauty World Trading Co., Ltd.၏ ရောင်းအား အကောင်းဆုံးဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်းရှိ Excel Treasure Hotel ၌ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် Beauty World Trading Co., Ltd.မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အရောင်းနှင့် ဈေးကွက်မန်နေဂျာ ဦးနိုင်အောင်ထွန်းက ကုမ္ပဏီက ထုတ်လုပ်သော စာရေးကိရိယာပစ္စည်းများအကြောင်းနှင့် ဆက်လက်၍ အရည်အသွေးမြှင့်တင်ထုတ်လုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရောင်းအား အကောင်းဆုံးဆုရ စာရေးကိရိယာဆိုင်များနှင့် အကောင်းဆုံးမှာယူထားမှု ဆုရသူများအား ဆုများ ချီးမြှင့်သည်။ (သတင်းစဉ်)

Beauty World Trading Co.,Ltd.**၏ ရောင်းအားအကောင်းဆုံး ဆုချီးမြှင့်ပွဲ အခမ်းအနားကို** Excel Treasure Hotel **၌ ကျင်းပရာ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဦး နှုတ်ခွန်းဆက်စကားပြောကြားစဉ်။**

(သတင်းစဉ်)

ပရီမီယာလိဂ် ဘောလုံးပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

ရန်ကုန် ဩဂုတ် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသလျက်ရှိသော MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် 5-Moviesနှင့် 5-Cartoonsတို့တွင် အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပွဲစဉ်များနှင့် အက်ဖ်အေဖလား ဘောလုံးပွဲစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Forever Group Co.,Ltdတို့ပူးပေါင်းလျက် တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

၂၀၀၅-၂၀၀၆ ရာသီအတွက် အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပွဲစဉ်ပေါင်း ၄၀၀ ကျော်ကို အပတ်စဉ်ခြောက်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး လေးပွဲကို ပွဲချိန်ရွှေ့ဆိုင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်များကို ရန်ကုန်မြို့ နယ်နိမိတ်အတွင်း Family Digital Receiver စက်ဖြင့် ဖမ်းယူကြည့်ရှုနိုင်သည်။

၂၀၀၅ ခုနှစ် ဩဂုတ်လအတွင်း ပြသမည့် ပွဲစဉ်စုစုပေါင်း ၃၇ပွဲရှိရာ ထုတ်လွှင့်ပြသမည့် ပွဲစဉ်အစီအစဉ်များကို သတင်းစာများတွင် MRTV-4 ၏ ရုပ်မြင်သံကြားအစီအစဉ်၌ ဖော်ပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ဆေးနှင့် ဆေးပစ္စည်းများ၊ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့သို့ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဆေးပစ္စည်းများနှင့် ပညာရေးဆိုင်ရာထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လှူဒါန်းသော မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဆေးပစ္စည်းများနှင့် ပညာရေးဆိုင်ရာ ထောက်ပံ့ပစ္စည်းများကို အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ပေးအပ်ရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လှူဒါန်းသော မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ဆေးပစ္စည်းများနှင့် ပညာရေးဆိုင်ရာ ထောက်ပံ့ပစ္စည်းများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံ ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကကြီးမှူးကျင်းပသည့် သက်ကြီး ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်းခြင်းအခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး သဃ်န်းကျွန်း မြို့နယ် စံပြဆေးရုံကြီး၌အဘိုးအဘွားများအား မျက်စိကျန်းမာရေး အတွက် ရောဂါရှာဖွေစမ်းသပ်နေမှုကို ကြည့်ရှုအားပေးစဉ်။ (ရန်ကုန်တိုင်း)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်

ရန်ကုန် ဩဂုတ် ၁၅

လွန်ခဲ့သော ၂၄နာရီအတွင်း ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း(အောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သံတွဲမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ဇောင်းတူမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၇၆ လက်မနှင့် သထုံမြို့တွင် ၂ ဒသမ ၆၀ လက်မ တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ် ၁၆ရက်ညနေထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း(အောက်ပိုင်း)၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခေတ္တခဏမျှ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၅

၁၃၆၇ခုနှစ် ဝါခေါင်လပြည့်၊ ဩဂုတ် ၁၉ရက် မွန်းလွဲ၁နာရီတွင် ရွှေတိဂုံဘုရား ဗုဒ္ဓဟူးဓမ္မာရုံ၌ ဗဟုဇနဟိတရေ ရွှေမန်းဦးသူရိယဆရာတော်နှင့် ဧရာဝတီတိုင်း သံဃာ့ဝန်ဆောင် မအူပင်မြို့ ညောင်ဝိုင်း ဓမ္မဒီပကျောင်းတိုက် ဆရာတော် ဦးကာရဏိကတို့က နိဗ္ဗာန်ရောက် ကြောင်း တရားတော်များ ဟောကြား ချီးမြှင့်တော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

ညောင်တုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၁၅

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံ ပရိယတ္တိစာသင်တိုက်၌ ဩဂုတ် ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့၌ သီတင်းသုံးတော်မူကြပြီး ညောင်တုန်းမြို့နှင့် စပ်လျဉ်းတော်မူကြသည့် သာသနာတော်သုံးရပ်တွင် ထင်ရှားတော်မူကြသော ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းပူဇော်လိုသော အလှူရှင်များသည် အမှုဆောင်အဖွဲ့ ဖုန်း-၃၈၀၁၀၆သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ဘဏ္ဍာ/အခွန်မှ ကျော်သူရ တံခွန် နောက်ခံလူများ ကာကွယ်သည့်ကြားမှ ဦးဆောင်ဂိုး သွင်းယူလိုက်စဉ်။ (ကြေးမုံ)

အင်းစိန်မြို့ ကျက်သရေဆောင် ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး အာရုံခံတန်ဆောင်းပြုပြင်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၂ရက်က ကျင်းပရာ မြို့သစ် က+ခ ရပ်ကွက်၊ က-၃လမ်း၊ အမှတ်(၁၅၆)နေ ဘုရားကြီး ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးဝင်းလှိုင်-ဒေါ်ခင်နီသန်း မိသားစုက အလှူငွေကျပ် ငါးသိန်းကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူသို့ ပေးအပ်စဉ်။ (၆၁)

မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းဖွင့်ဖလားပွဲ ချန်ပီယံ ဘဏ္ဍာ/အခွန်နှင့်တံခွန် သရေကျ

ရန်ကုန် ဩဂုတ် ၁၅

၂၀၀၅-၂၀၀၆ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် တံခွန်အသင်းတို့ တစ်ဂိုးစီ သရေကျသွားသည်။

ဘဏ္ဍာ/အခွန် -တစ်ဂိုး။

(ကျော်သူရ)

တံခွန် -တစ်ဂိုး။

(ဟိန်းဇာထွန်း)

ဒိုင်လူကြီး -ဦးသိန်းမြိုင်။

ကျင်းပဆဲ ကွင်းဖွင့်ဖလားပြိုင်ပွဲတွင် ချန်ပီယံ ခြေစွမ်းမပြနိုင်သေးသော ဘဏ္ဍာ/အခွန်အသင်းကို လူငယ်အများစုဖြင့် ဖွဲ့စည်းထားပြီး ပွဲဦးထွက်ပွဲ၌ ပို့ဆောင်ရေးကို အနိုင်ရရှိထားသော တံခွန်အသင်းက သရေကျအောင်ကစားကာ တစ်မှတ်စီ ခွဲယူခဲ့သည်။

ပွဲစသည်နှင့် ဘဏ္ဍာ/အခွန်အသင်းက တရစပ် ထိုးဖောက်ကစားရာမှ ရှစ်မိနစ်တွင် ကျော်သူရက ဂိုးစတင်သွင်းယူသည်။ နှစ်သင်းစလုံး ထပ်မံဂိုးမသွင်းနိုင်၍ ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် တံခွန်အသင်း ကစားပုံကောင်းလာပြီး ဘဏ္ဍာ/အခွန်အသင်းတိုက်စစ်ကို အဆင့်ဆင့်ပိတ်ဆို့ပြီး တန်ပြန်တိုက်စစ်ဆင် ကစားရာမှ ဒုတိယပိုင်း ၁၀ မိနစ်တွင် ဟိန်းဇာထွန်းက တံခွန်အသင်းအတွက် ချေပဂိုး သွင်းယူလိုက်၍ တစ်ဂိုးစီသရေ ဖြစ်သွားသည်။

ယနေ့ပွဲအပြီးတွင် (ဃ)အုပ်စု၌ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် တံခွန်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးမှတ်စီ၊ ဆောက်လုပ်ရေးအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်၊ ပို့ဆောင်ရေးအသင်းက နှစ်ပွဲရှုံး၍ အမှတ်မရရှိသေးပေ။ ဘဏ္ဍာ/အခွန်အသင်းသည် ပို့ဆောင်ရေးအသင်းနှင့်လည်းကောင်း၊ တံခွန်အသင်းသည် ဆောက်လုပ်ရေးအသင်းနှင့် လည်းကောင်း ကစားရန်ကျန်နေသည်။

<u>ယနေ့ပွဲ</u>

(သုဝဏ္ဏကွင်း)
စွမ်းအင် နှင့် ကာကွယ်ရေး။
(အောင်ဆန်းကွင်း)
ပြည်ထဲရေး နှင့် လယ်/ဆည်။

(ကြေးမုံ)

မြစ်ရေကြီးခြင်းသတိပေးချက်

ရန်ကုန် ဩဂုတ် ၁၅

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ဝ၆း၃ဝ နာရီအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၈၉စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း စိုးရိမ်ရေမှတ် ၆ဝဝစင်တီမီတာသို့ ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် ဝ၆း၃ဝနာရီအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၂၆စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်တက်နေပြီး ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ် ၇၅ဝ စင်တီမီတာ အထက်တွင် ဆက်လက် တည်ရှိနိုင်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

<u>၁၆-၈-၂၀၀၅ (အင်္ဂါနေ့)</u>

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။ မျိုးချစ်တပ်မတော်
၅း၀၀	၈။ **အဝေးသင်တက္ကသိုလ်ပညာရေး ပို့ချမှုအစီအစဉ် - The Essential of Valid Contract.** (ဒုတိယနှစ်-ဥပဒေပညာ)
၅း၂၅	၉။ ပညာခေတ်
၅း၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။ နိုင်ငံတကာသတင်း
၆း၂၀	၁၃။ မိုးလေဝသသတင်း
၆း၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကြော်ငြာချစ်သူ (အပိုင်း-၇)**
၈း၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ကျန်းမာသုတအစီအစဉ်
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း တရားရှင် (အပိုင်း-၅)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ဒေသအတွင်းရှိ ရေမြေ သယံဇာတများကို အကျိုးရှိရှိ အပြည့်အဝ ပေါင်းစပ်အသုံးပြုနိုင်မှ ဒေသခံပြည်သူများ တစ်သီးမှနှစ်သီး သီးထပ်စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ဝင်ငွေတိုးလာမည် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သော အခြေခံများကို မ,တည်ထူထောင်ပေးလျက်ရှိ ဒေသခံပြည်သူများက နားလည်ယုံကြည် ပူးပေါင်းအကောင်အထည်ဖော်ကြရန်လို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အင်းဘတ်ရေလှောင်တမံ၏ ပင်မတမံနှင့် ရေပိုလွှဲ တည်ဆောက်ခြင်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❒ ရွှေဖုံးမှ

ရှေးဦးစွာ မြကန်သာပန်းခြံ ရှင်းလင်းဆောင်၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က မြကန်သာပန်းခြံ အဆင့်မြှင့် မွမ်းမံပြင်ဆင်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်က ပန်းခြံအဆင့်မြှင့်ရေး၊ ရေရရှိရေး၊အရိပ်ရပင်၊ ပန်းပင်၊ စားသုံးပင် စိုက်ပျိုးထားရှိရေးတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့သည် ပခုက္ကူ မြို့သူ၊ မြို့သားများ အပန်းဖြေအနားယူနိုင်ရန်အတွက် မြကန်သာပန်းခြံကို စိမ်းစိုအေးမြသည့် ပန်းခြံဖြစ်အောင် အဆင့်မြှင့်မွမ်းမံသွားကြရန် မှာကြားသည်။

ပခုက္ကူမြို့ မြကန်သာပန်းခြံမှာ ၂၅ ဒသမ ၂၀ ဧကကျယ်ဝန်းပြီး ပူပြင်းခြောက်သွေ့မှုဒဏ် ခံစားနေရသော ပခုက္ကူဒေသခံပြည်သူများ ချမ်းမြေ့သာယာစွာ အပန်းဖြေနိုင်ရန်၊ ကလေးငယ်များ ပျော်ရွှင်စွာ ဆော့ကစားနိုင်ရန် အဆင့်မြှင့် မွမ်းမံပြင်ဆင်လျက်ရှိပြီး အရိပ်ရပင်၊ ပန်းအလှပင်၊ စားပင်၊ သီးပင်နှင့် ပရဆေးပင်များကိုလည်း စိုက်ပျိုးထားရှိသည်။

ပခုက္ကူတက္ကသိုလ်

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်ပခုက္ကူမြို့ကိုမော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ပခုက္ကူတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဦးစိုးမြင့်၊ ပါမောက္ခများ၊တွဲဖက်ပါမောက္ခများက ကြိုဆိုကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူတက္ကသိုလ်ပင်မဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ပင်မဆောင်ခန်းမကြီး၌ ပါမောက္ခချုပ်နှင့်ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ/သရုပ်ပြများနှင့်တွေ့ဆုံရာ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✡

☆ **ပခုက္ကူခရိုင်ရှိမြို့များ၏ မြို့ရေရရှိရေး၊ ကျေးလက်ဒေသတစ်ခွင်လုံး၌ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ခရီးအတော်ရောက်နေ။**

☆ **မကြာမီ ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိတော့မည်။**

☆ **ပခုက္ကူဂျစ်ကားနှင့် ကုန်တင်ယာဉ်ကြီးများ ဈေးကွက်ရရှိလျက်ရှိသဖြင့် စက်မှုလုပ်ငန်းများ တိုးတက်၍ ပြည်သူများ၏ဝင်ငွေ တိုးပွားလာဦးမှာဖြစ်။**

☆ **လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ပခုက္ကူဒေသသည် ပို၍ ဖွံ့ဖြိုးလာမှာသေချာ။**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး